# ဘုရားသခင်

# ၏

# စိတ်တော်

Burmese Edition

15

# ဘုရားသခင်၏
# စိတ်တော်

✳ ✳ ✳

"ဘုရားသခင်၏သားတော်ကိုယုံကြည်သောသူအပေါင်းတို့သည်
ပျက်စီးခြင်းသို့မရောက်၊ထာဝရအသက်ကို ရစေခြင်းငှါ
ဘုရားသခင်သည် မိမိ၌ တစ်ပါးတည်းသောသားတော်ကို
စွန့်တော်မူသည်တိုင်အောင် လောကီသားတို့ကို
ချစ်တော်မူ၏။"

ယော ၃း၁၆

*

# Heart of God

## Burmese(Shan) Edition

Copyright 2015 Voice Media

info@VM1.global
Web home: www.VM1.global

All rights reserved. No part of the publication may be reproduced, distributed or transmitted in any form or by any means, including photocopying, recording, or other electronic, or mechanical methods, without the prior written permission of the publisher, except in the case of brief quotations embodied in critical reviews and certain other noncommercial uses permitted by copyright law. For permission requests, email the publisher, addressed "Attention: Permission Coordinator," at the address above.

This publication **may not be sold, and is for free distribution** only.

# မာတိကာ

၁။ အကြောင်းအရာ ------------- ရုပ်ပုံ (၁)
ဘုရားသခင်၏ချစ်ခြင်း
"ဘုရားသခင်သည်လောကီသား
တို့ကိုချစ်တော်မူသောကြောင့် -----"
၂။ လုပ်ဆောင်တော်မူချက် --------- ရုပ်ပုံ (၂)
ဘုရားသခင်၏ဆုကျေးဇူး
"တစ်ပါးတည်းသောသားတော်
ကိုစွန့်တော်မူသည့်တိုင်----"
၃။ ပဋိညာဉ် ---------------- ရုပ်ပုံ(၃)
ဘုရားသခင်၏ကတိတော်
"ယုံကြည်သောသူအပေါင်းတို့သည်
ပျက်စီးခြင်း သို့မရောက်စေခြင်းငှါ---"
၄။ ဘုန်းတော် ------------------ ရုပ်ပုံ(၄)
ဘုရားသခင်၏ဘုန်းတော်
"ထာဝရအသက်ကိုရစေခြင်းငှါ"

* * * * *

*"ကိုယ်တော်သည် လူကိုပမာဏပြု၍ စိတ်စွဲလမ်းတော်မူမည့်အကြောင်း၊ လူသည် အဘယ်သို့သောသူဖြစ်ပါသနည်း"*

ယောဘ ၇း၁၇

# နိဒါန်း

တရုတ်နိုင်ငံတွင် သင်သည် "တီယန်နာမင်စကွဲယား၏ မှတ်ကျောက်တိုင်တစ်ခုကို နားစွင့်ကြည့်ပါက တရုတ်အမျိုးသားတို့၏ ကြီးမားသောနှလုံးခုံသံကို ကြားရလိမ့်မည်"ဟူ၍ အဆိုရှိ၏။ ကမ္ဘာပေါ်တွင် လွတ်လပ်စွာ ဝင်ထွက်သွားလာနိုင်သော အကြီးဆုံးမြို့ကြီးဖြစ်၍ ထိုနေရာတွင် တရုတ်နိုင်ငံခေတ်သစ်သမိုင်း၏ မော်ကွန်းဝင် ပြောင်းလဲမှုများကို တစ်စိတ်တစ်သံတည်းဖြင့် လူပုဂ္ဂိုလ်အလိုက်သော်ငင်း၊ အစုအဝေးလိုက်သော်ငင်း၊ စုပြုံ၍ပြောကြားကြ၏။ တီယန်နာမင်သည် တရုတ်အမျိုးသားတို့၏ ဗဟိုချက်မနှင့် စိတ်နှလုံး ဖြစ်သည်ဟူ၍ အရပ်ဒေသတိုင်း၌ရှိသောတရုတ်လူမျိုးအများစုကအလေးအမှတ်ထား၍ မှတ်ယူကြ၏။

ယခုတွင် ကမ္ဘာလုံးဆိုင်ရာအရပ်ဒေသတိုင်း၌ရှိသော ယုံကြည်သူများက ဘုရားသခင်ဧဝံဂေလိတရား၏ဗဟိုချက်မနှင့်နှလုံးသားဟူ၍ မှတ်ယူထားသော ဘုရားသခင်၏ နှုတ်ကပတ်တော်၌ရှိသည့် အမွန်မြတ်ဆုံးသောကျမ်းပိုဒ်များကို ချဉ်းကပ်၍နားထောင်ရန် သင့်အားဖိတ်ခေါ်လျှက်ရှိ၏။

လာပါ၊ ဘုရားသခင်၏နှလုံးခုန်သံကို ကြားနာရန်၊ ယုံကြည်ရန်နှင့်ခံစားရန်၊ လူအပေါင်းတို့ကို ပြောဆိုနေသော ဘုရားသခင်သားတော်၏ စကားသံကို နားထောင်ပါ။

*"ဘုရားသခင်၏သားတော်ကို ယုံကြည်သော သူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကိုရစေခြင်းငှါ၊ ဘုရားသခင် သည် မိမိ၌တပါးတည်းသော သားတော်ကို စွန့်တော်မူသည့်တိုင်အောင် လောကီသားတို့ ကို ချစ်တော်မူ၏။"*

*ယော ၃း၁၆*

ယုံကြည်သူများထဲတွင် ယောက်ျားဖြစ်စေ၊ မိန်းမဖြစ်စေ၊ ဘုရားသခင်၏ နှုတ်ကပတ်တော်ထဲမှ အကြိုက်နှစ်သက်ဆုံးကျမ်းပိုဒ်ရှိပါ၏။ သို့ရာတွင် ဤကျမ်းပိုဒ်ကို လူတိုင်း နှစ်သက်ကြ၏။ ခပ်သိမ်းသော သူတို့အတွက်ဒင်း၊ ***ဘုရားသခင်၏စိတ်တော်၌ဒင်း၊*** ထင်ရှားခြင်းရှိသဖြင့် ဤတရားသည် အယောက်စီ တိုင်းအတွက် လိုအပ်သော ကျမ်းပိုဒ်ဖြစ်ပါသည်။

*

## ဘုရားသခင်၏စိတ်တော်ကို ထုတ်ဖော်ခြင်း

ဧဝံဂေလိတရားကို ဟောပြောခြင်းသည် အသီးအပွင့်မဲ့သော ဧဝံဂေလိဩဝါဒသက်သက်မျှသာ မဟုတ်ပါ။ ဤအရာသည်ထုံးစံအတိုင်းငြီးငွေ့ဖွယ် ကောင်းအောင်၊ထပ်ခါတလဲလဲပြောဆိုရလောက်အောင် ရေးဖွဲ့ထားသော စကားမဟုတ်ပါ။ ထိုသို့ဖြစ်ဖို့ ဝေးလှစွ။

ဧဝံဂေလိတရားဟောပြောခြင်းသည် သမ္မာ ကျမ်းစာ၏ မကုန်ခန်းနိုင်သော ဘဏ္ဍာတိုက်မှဘုရား သခင်၏စိတ်တော်၊ ခရစ်တော်၏ ကြီးမားသော လုပ် ဆောင်ချက်တို့ကို ထုတ်ဖော်ခြင်းဖြစ်သည်။

*ချာလီစ်အိပ်ချ်မက်ကင်တို့စ်*

***Charles H Mackintosh.***

# စကားချီး

ဘုရားသခင်သည် စိတ်နှလုံးကိုသိသော ဘုရားဖြစ်၏။

ကျွန်ုပ်တို့သည်ဤအရာကို"**လူ၏စိတ်နှလုံး**" ဟူသော ကားချပ်များပါ လက်စွဲစာအုပ်၌ နက်ရှိုင်းစွာ ပေါ်လွင်စေရန် ကြိုးပမ်းခဲ့ကြ၏။ (ထုတ်ဝေသူထံ၌ ရရှိနိုင်သည်)။ လူသည် သူ၏ ခန္ဓာကိုယ်၊ စိတ်နှလုံး ဟူ၍ခေါ်လေ့ရှိသော သူ၏ဖြစ်ရင်းဗဟိုချက်၌ပင် အခြေခံကျသော ပြောင်းလဲမှုတွေ့ကြုံရမည်ဖြစ်ကြောင်း၊ ဘုရားသခင်သည် ရှင်းလင်းစွာ ဖော်ပြခဲ့ပြီးဖြစ်သည်။ ဖြစ်ရမည့်အရာမှာ လူသည် ထက်အရပ်မှ ပြောင်းလဲခြင်းခံရမည်။ ဒုတိယမွေးခြင်းခံရမည်ဟူ၍တည်း။ ဘုရားသခင်သည် လူ၏စိတ်နှလုံးကိုတို့ထိသောအခါ ထိုပြောင်းလဲခြင်းသည် လူ၏အတွင်း အကျဆုံးအပိုင်းမှ အပြင်ဘက်အကျဆုံး၊ ဘုရားသခင်၏အဆုံးအစွန်သို့တိုင်ပင် ဖြစ်ပျက်ပေ၏။ ဘုရားသခင်သည် သူ့ကို ယုံကြည်မည့်သူအားလုံး၏ အထဲ၌ ထိုသို့သောအံ့ဘွယ် ပြောင်းလဲမှုဖြစ်အင်ကို ပြုနိုင်တော်မူ၏။ လူသားအတွက် ဘုရားသခင်၏ ရည်ရွယ်ချက်၊အကြံအစည်နှင့်ပြင်ဆင်မှုများတည်းဟူသော ဘုရားသခင်၏ စိတ်တော်ကို သိရှိခြင်းသည် အမှန်ပင် ထူးကဲသော အတွေ့အကြုံဖြစ်၏။

အစဉ်သဖြင့် ဆင်ခြင်ရမည့်စိတ်ဝင်စားဖွယ် အကောင်းဆုံးသောအကြောင်းအရာမှာ အနိမ့်ဆုံး

အောက်အဆင့်သို့ ထိုင်သောလူ၏ကျဆုံးခြင်းနှင့် ဘုရားသခင်သည် ထာဝရအသက်နှင့်ဘုန်းတော်သို့ ဝင်စားစေခြင်းအလို့ငှါ လူကိုချီမကယ်တင်ရန် အမြင့်ဆုံးသောထက်အရပ်မှဦးညွှတ်တော်မူသည့်အကြောင်းတို့ဖြစ်သည်။ ***"ဘုရားသခင်သည် လောကီသားတို့ကို ချစ်တော်မူ၏ . . . ."*** ***ယောဟန် ၃း၁၆***

လူများတို့သည် နက်ရှိုင်းစွာ မစဉ်းစားကြသောကြောင့် အလင်းနှင့်ချစ်ခြင်းမေတ္တာဖြစ်တော်မူသော ဘုရားသခင်၏ သဘောသဘာဝကို လွဲမှားစွာ နားလည်ခဲ့ကြ၏။ ***"ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူ၏"***ဟူသောအရာက ဘုရားသခင်သည် အပြစ်၏ အမှန်တကယ် တည်ရှိမှုကို ဂရုမမူပါ။ အပြစ်၏ကြီးလေးမှုနှင့် ထိုက်တန်သောပြစ်ဒဏ်စီရင်ခြင်းတို့ကို အမှတ်တမဲ့ လျစ်လျူရှုထားသည်ဟူ၍ ဆိုလိုခြင်းမဟုတ်ပါ။ ဘုရားသခင်သည်အလင်းဖြစ်တော်မူသောကြောင့် သူ၏သန့်ရှင်းခြင်းသည် ခပ်သိမ်းသော အပြစ်တို့ကို စစ်ကြောစီရင်ခြင်းခံစေ၏။ သို့ရာတွင် အသင်းနှင့်ချစ်ခြင်း မေတ္တာဖြစ်တော်မူသောဘုရားသခင်သည် အပြစ်သားများအတွက် ရွေးနှုတ်ခြင်းနှင့် ကယ်တင်ခြင်းတို့ကို သူကိုယ်တိုင်ပြင်ဆင်ပေးတော်မူ၏။ ဘုရားသခင်၏ စိတ်တော်သည် ထိုအရာအား ဖြင့် အပြစ်လွတ်ခြင်း တရားနှင့် ထာဝရအသက်ကို လူသားများရရှိစေခြင်းအလို့ငှါ ကပ်တိုင်ထက်၌ ခရစ်တော်၏ အသေခံခြင်းအားဖြင့် တစ်ခုတည်းသော လမ်းခရီးကို ပြင်ဆင်တော်မူ၏။

***ဘုရားသခင်၏ စိတ်တော်*** သည် လောက၏ ကယ်တင်ရှင်ဖြစ်စေခြင်းအလို့ငှါ သားတော်ဘုရားကို လက်ဝါးကပ်တိုင်သို့ စေလွှတ်ခဲ့၏။

အဘယ်သူသည် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို တိုင်းဆ၍ ဖော်ပြနိုင်ပါသနည်း။ သမ္မာကျမ်းစာတည်းဟူသော ဘုရားသခင်၏ အသက်ရှင်သော နှုတ်ကပတ်တော် တစ်ခုတည်းသာလျှင် ထိုဘုရားသခင်၏ချစ်ခြင်းမေတ္တာ၏ ကြီးမားခြင်းအကြောင်းကို ကျွန်ုပ်တို့အား ကုန်လုံးစွာ ပြောပြနိုင်၏။ ဘုရားသခင်သည် သူ၏ဘုန်းတော်နှင့် အပြစ်သားများ၏ ကယ်တင်ခြင်းအတွက် သားတော်ကို သေခံစေခြင်းအားဖြင့် မိမိကိုယ်တိုင်၏ စိတ်နှလုံးအကြံအစည်များကို ကုန်လုံးပြည့်စုံစွာ ကြားပြော၍ ထင်ရှားစေတော်မူ၏။

*

# ဘုရားသခင်၏စိတ်တော်ကို သိမြင်ခြင်း

ရှေးကာလ ဣသရေလလူမျိုးတို့၌ ပြုတော်မူသော ဘုရားသခင်၏ ကွယ်ကာစောင်မတော်မူခြင်းသာမက၊ သူ၏စိတ်နှလုံးဆန္ဒနှင့်ချစ်ခြင်းမေတ္တာကို ကျွန်ုပ်တို့အမှန်တကယ်သိရှိရသည့်အမှုမှာ ကြီးမြင့်၍ အံ့ဘွယ်သောအမှုဖြစ်၏။ ***"ယခုတွင် ဘုရားသခင်သည် လောကီသားတို့ကို ချစ်တော်မူ၏"*** ဟူသောအရာကို မြောက်များစွာသောသူများ သိရှိကြသော်လည်း ယခင်၌မူ ထိုသို့မဟုတ်ခဲ့ပါ။

တိုင်းနိုင်ငံအရပ်၌ရှိသော လောကီသားများအတွက် ဘုရားသခင်၏ ကြီးမားသောချစ်ခြင်းမေတ္တာကို ဣသရေလဘိုးဘေးတို့အား ထင်ရှားပြသခြင်းမရှိခဲ့ပါ။ ကျေးဇူးပြုခြင်းခံရသောယာကုပ် အမျိုးတို့သည် လူတို့အတွက် ဘုရားသခင်စောင်မမှုနှင့်ထောက်မမှုတို့၏ နူးညံ့ခြင်းကို သိရှိခဲ့ကြသော်လည်း လူသားအားလုံးအတွက် ဘုရားသခင်စိတ်နှလုံးထဲ၌ရှိသော နက်ရှိုင်းသည့် ချစ်ခြင်းမေတ္တာကို မသိခဲ့ကြပေ။

ဣသရေလသည် အမျိုးသားရေးနှင့်ဆိုင်သော ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကိုသာ အမှန်သိခဲ့၏။ ဘုရားသခင်သည် ဣသရေလအမျိုးသားတစ်ခုတည်းနှင့်သာ မြဲမြံတည်ကြည်သော ပဋိညာဉ်ဖွဲ့တော်မူခဲ့ကြောင်း၊ သမ္မာကျမ်းစာလာ ဗျာဒိတ်တော်က တစ်မျှော်တစ်ခေါ်ကြီး ဖော်ပြထား၏။

*"သင်သည် အခြားသောလူမျိုးထက်သာ၍ များသောကြောင့် ထာဝရဘုရားသည် သင့်ကို ချစ်၍ ရွေးချယ်တော်မူသည်မဟုတ်၊ သင်သည် အခြားသောလူမျိုးတကာတို့ထက်သာ၍ နည်း၏။ ထာဝရဘုရားသည် သင့်ကိုချစ်သော ကြောင့်၎င်း၊ သင်၏ဘိုးဘေးတို့အား ကျိန်ဆို တော်မူသော အကျိန်ကို မဖျက်လိုသောကြောင့် ၎င်း၊ ကျွန်ခံ နေရာအဲဂုတ္တုပြည်ကို အစိုးရသော ဖာရောဘုရင်လက်မှ အားကြီးသောလက် တော်နှင့်သင့်ကို ရွေးနှုတ်ဆောင်ယူခဲ့တော်မူ ပြီ။"*

တရား ၇း၇-၈

*"ထာဝရဘုရားသည် အဝေးကထင်ရှား၍ မိန့်တော်မူသည်ကား၊ အကယ်စင်စစ် ထာဝရမေတ္တာနှင့် သင့်ကိုငါချစ်၏။ ထို့ကြောင့် ကရုဏာကျေးဇူးကို သင်၌ကြာမြင့် စွာပြု၏။"*

ယေ ၃၁း၃

ပရောဖက်တို့သည် မေရှိယ၏ တန်ခိုးတော် နှင့်ဘုန်းတော်ကို ကြီးမားထည်ဝါစွာ ဟောပြော ခဲ့ကြသော်လည်း ဘုန်းတော်သည် ချစ်ခြင်းမေတ္တာ မဟုတ်ပါ။ **"ဘုရားသခင်သည် လောကီသားတို့ကို ချစ်တော်မူ၏။**လောကီသားအပေါင်းတို့အတွက် ဖြစ်သော ထိုနက်ရှိုင်းသည့်ချစ်ခြင်းမေတ္တာသည်

ဘုရားသခင့်သားတော်၏နှုတ်ခမ်း၊ အသက်တာ၊ အလုပ်နှင့်အဆုံး စွန်အသေခံတော်မူခြင်းအားဖြင့်သာ ကုန်လုံးပြည့်စုံစွာ ထင်ရှားဖော်ပြရမည်ဖြစ်၏။

ဘုရားသခင်၏ စိတ်နှလုံးထဲ၌အစဉ်ထာဝရ တည်ရှိသောအရာအတွက်ချစ်တော်မူသောသားတော် တည်းဟူသော ကျွန်ုပ်တို့သခင်နှင့်ကယ်တင်ရှင် ယေရှုခရစ်တော်တစ်ပါးတည်းသာ ပြည့်စုံလုံလောက် သော သက်သေဖြစ်၏။ ဘုရားသခင်၏ ရင်ခွင်တော် ၌ အစဉ်ထာဝရတည်ရှိသော ချစ်ခြင်းမေတ္တာကို ခမည်းတော်၏ ရင်ခွင်၌ အစဉ်ထာဝရ တည်ရှိတော် မူသော သူမှတစ်ပါး အဘယ်သူမျှ ထုတ်ဖော်ပြ၍မရ ပါ၊ ***ယော ၁း၁၈***။ ခရစ်တော်တစ်ပါးတည်းသာသိ၏။ သူတစ်ပါးတည်းသာ ထုတ်ဖော်နိုင်၏၊ ပြသနိုင်၏၊ စုံလင်စွာဖော်ပြနိုင်၏။

ထိုသို့သော ချစ်ခြင်းမေတ္တာကို လူသားတို့ ၏ စိတ်နှလုံးက နားလည်နိုင်စွမ်းမရှိပေ။

၁ယော ၃း၁ တွင် ***"ဘုရားသခင်၏သား တော်ဟူ၍ ခေါ်ဝေါ်ခြင်းအခွင့်ကို ငါတို့သည်ရမည့် အကြောင်း၊ ဘုရားသခင်သည် ငါတို့ကိုအဘယ် မျှလောက် ချစ်တော်မူသည်ကို ကြည့်ရှုဆင်ခြင်ကြ လော့"***ဟူ၍ တွေ့ရ၏။ မ ၈း၂၇ တွင် အရှိအတိုင်း အဓိပ္ပါယ်ကောက်ယူပါက အဘယ်သို့ သောအရပ်၊ အဘယ်သို့သောတိုင်းပြည်က၊ အဘယ် သို့သောသူ ဖြစ်သနည်းဟူ၍ တွေ့ရ၏။

ထိုကျမ်းပိုဒ်တို့က ဤကမ္ဘာ၏ပြင်ပအရပ်တွင် ပုဂ္ဂိုလ်တစ်ပါးနှင့်ချစ်ခြင်းမေတ္တာ တစ်ခုရှိကြောင်းကို ပြောဆိုပေ၏။

ဘုရားသခင်၏သားတော်နှင့် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာတို့သည် အခြားသော ကမ္ဘာတစ်ခုမှ ဖြစ်၏။

ထိုကဲ့သို့သောဘုရား၏ ချစ်ခြင်းမေတ္တာကို လူသား၏နှုတ်လျှာအားဖြင့် စုံလင်စွာ ဖော်ပြ၍မရနိုင်ပါ။ ဘုရားသခင်ချစ်တော်မူသောသားတော်သည် မိမိအသက်တာ၊ မိမိကိုယ်ကိုနှိမ့်ချ၍အသေခံခြင်းနှင့် မိမိကိုယ်ကို ဘုရားသခင်အား တစ်ခါတည်း အပြီးသတ်ပူဇော်ခြင်းအားဖြင့် ဘုရားသခင်၏ စိတ်တော်နှင့်ချစ်ခြင်းမေတ္တာကို ကုန်လုံးပြည့်စုံစွာ ထင်ရှားပြသတော်မူခဲ့၏။

*

# ဘုရားသခင်၏ချစ်ခြင်းမေတ္တာကို ဖွင့်ဆိုခြင်း (သို့) ခင်းကျင်းပြသခြင်း

ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို ကောင်းမွန်စွာဖွင့်ဆို၍ မရပါ။ ခင်းကျင်းပြသခြင်းသာရ၏။

နှင်းဆီပန်းတစ်ပွင့်ကဲ့သို့ (သို့) လှပသောနေဝင်ဆည်းဆာကဲ့သို့ ခြယ်မှုန်းခြင်းနှင့်ခွဲခြမ်းစိတ်ဖြာလေ့လာခြင်းမျိုးဖြင့် ထိုအရာ၏ သာလွန်သောလှပခြင်းကို တင်ဆက်၍ မရနိုင်ပါ။

လှပခြင်းကို အဓိပ္ပါယ်ဖွင့်ဆိုသောအခါ လှပခြင်းကို ဖျက်ဆီးရာသို့ ရောက်တတ်၏။

သို့ရာတွင် လှပခြင်းကို ခင်းကျင်းပြသသောအခါ သိရှိနားလည်နိုင်၏။ ထိုသိရှိခြင်းအားဖြင့် ထိုအရာ၏စစ်မှန်သောသဘောသဘာဝနှင့် တန်ဘိုးကို နက်ရှိုင်းစွာသော ဝမ်းမြောက်ခြင်းနှင့်ကျေနပ်ခြင်းအဖြစ်ရရှိနိုင်၏။

ချစ်လှစွာသော ယုံကြည်သူများ ဧဝံဂေလိဆရာများ၊ ခေါင်းဆောင်များနှင့် သင်းအုပ်များခင်ဗျား၊ ဘုရားသခင်ကို ရှင်းလင်းတိကျသောသဏ္ဍာန်ပေါ်လွင်အောင် စုံလင်စွာ ဖွင့်ဆို၍ ဖော်ထုတ်မရသောကြောင့် အလွန်အမင်း စိတ်ပျက်ခြင်းမရှိပါလေနှင့်။ ဖွင့်ဆိုရှင်းပြခြင်းသည် ကန့်သတ်ခြင်းသာဖြစ်၍ ဘုရားသခင်၏ ကြီးမြတ်ခြင်းနှင့် နိစ္စ

ထာဝရဖြစ်ခြင်းကို အကန့်အသတ်ရှိသောလူသားများအနေဖြင့် ရှင်းလင်းဖော်ပြ၍ မရနိုင်ပါ။

သမ္မာကျမ်းစာသည် ဘုရားသခင်၏ အကြောင်းကို အချက်အလက်များဖြင့် ခြယ်သ၍ ဖော်ပြထား၏။ ဘုရားသခင်သည် အလင်းဖြစ်တော်မူ၏။ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူ၏။ ဘုရားသခင်သည် လောင်သောမီးဖြစ်တော်မူ၏။ သို့တိုင်အောင် ဤအရာများသည် အဓိပ္ပါယ်ဖွင့်ဆိုချက်များမဟုတ်ပေ။ အကြောင်းမှာ ဤအရာတို့သည် ဘုရားသခင်သဘောသဘာဝ၏ အချို့သော အသွင်အပြင်ကိုသာ ဖော်ပြခြင်းဖြစ်၏။ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် သူ၏ ပုဂ္ဂိုလ်နှင့်သဘောအသွင်အပြင်ကိုသာ ဖော်ပြထား၏။ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် သူ၏ ပုဂ္ဂိုလ်နှင့်သဘောသဘာဝကို သရုပ်ဖော်ပြသခြင်းအားဖြင့် ဘုရားသခင်၏ ဤသို့သော အသွင်အပြင်များကို သိရှိစေသော်လည်း ဘုရားသခင်ကို ဘောင်ချ၍ ရှင်းလင်းဖွင့်ဆိုနိုင်သော အမျိုးအစားမရှိနိုင်ပေ။

ဘုရားသခင်၏ အတုမဲ့ခြင်းသည် အခြားသော သတ္တဝါရှိသမျှတို့နှင့် သူ့ကို ခြားနားစေ၏။ ဘုရားသခင်ကို သရုပ်ဖော်ပြသခြင်းအားဖြင့် ကျွန်ုပ်တို့သိရှိကြသည်ဟုဆိုရာတွင် အံ့ဘွယ်သော ဖန်ဆင်းခြင်းနှင့် ရွေးနှုတ်ခြင်းတည်းဟူသော ကျွန်ုပ်တို့ မျက်စိနှင့်တွေ့မြင်နိုင်သောအရာအားဖြင့်သာသိရှိခြင်းဖြစ်၏။

ဘုရားသခင်သည် အဘယ်အရာဖြစ်သနည်း။ ဘုရားသခင်သည် အဘယ်သူဖြစ်သနည်း။ ဇာတိခန္ဓာအသွင်ကို ဆောင်၍ကြွလာသော်လည်း အပြစ်နှင့်ကင်းစင်သည့် ကျွန်ုပ်တို့၏ သခင်ယေရှု ခရစ်တော်သည်သာ ဘုရားသခင်ဖြစ်၏။

သမ္မာကျမ်းစာသည် ကျွန်ုပ်တို့ကို ဘုရားသခင်နှင့် တွေ့ဆုံစေသော်လည်း သူ၏သဘောသဘာဝကို ကျွန်ုပ်တို့၏ အစွမ်းအစအားဖြင့် ဆင်ခြင်တွေးတော၍ မရကြောင်း ပြသလျက်ရှိ၏။

သမ္မာကျမ်းစာက ဘုရားသခင်ကို လူသားများရှာဖွေတွေ့ရှိသကဲ့သို့ ဘာသာတရားတို့၏ လှည့်စားမှုကို ချေပထား၏။ စစ်မှန်သော ***"နားလည်ခြင်း"*** မှာ လူတို့သည် ဘုရားကို ရှာတွေ့ကြပြီဟူ၍ မဟုတ်ဘဲ၊ ဘုရားသခင်သည် လူသားကို ရှာတွေ့ခဲ့ပြီ။ ကျွန်ုပ်ကို ရှာတွေ့ခဲ့ပြီဟူ၍ဖြစ်၏။ ဤအရာမှာ ကျွန်ုပ်တို့သည် ဘုရားသခင်ကိုရှာ၍ အထံတော်သို့ ရောက်ကြသည်မဟုတ်ဘဲ၊ ဘုရားသခင်သည် ကျွန်ုပ်တို့ထံသို့ သက်ဆင်းလာခြင်းဖြစ်၏။ ဘုရားသခင်က ***"ပျောက်သောသူကို ငါတွေ့ပြီ. . . ငါနှင့်အတူ ဝမ်းမြောက်ကြလော့"*** ဟုဆိုလေ၏ (လု ၁၅)။ "ထို့ကြောင့် ဘုရားသားက သင့်ကို တွေ့ပြီလော" ဟူ၍ ကျွန်ုပ်တို့မေးရခြင်းဖြစ်၏။ သူသည် ပျောက်ဆုံးနေသော အပြစ်သားကို ရှာဖွေတော်မူ၏။ သူသည် ထင်ရာစိုင်းနေသောသိုး၏ နောက်သို့လိုက်၍ မတွေ့

မချင်း ရှာဖွေတော်မူ၏။ ထိုလူကို မတွေ့ မချင်းတော၊ တောင်၊ လျှို၊ မြောင်၊ အန္တရာယ်၊ ဆင်းရဲဒုက္ခနှင့် သေခြင်း၊ စိုးရိမ်ကြောင့်ကြမှုက ကင်းသောငြိမ်သက်ခြင်း၊ သတိကြီးစွာသော အမြန်နှုန်းနှင့် ဘုန်းတော်၏ အလျင်တို့အားဖြင့် လိုက်ရှာတော်မူ၏။

ဘုရားသခင်သည် ကျွန်ုပ်တို့ အာရုံပြုလောက်သောအမှုကို ပြုတော်မူ၏။ ထိုအရာမှာ သမ္မာကျမ်းစာ၏ ကြီးမြတ်သော တရားစကားဖြစ်၏။ ထိုအရာအားဖြင့် သင်အဘို့အလိုငှါ ချစ်ခြင်းမေတ္တာတော်အားဖြင့် ကိုယ့်ကိုကိုယ်စွန့်၍ လက်ဝါးကပ်တိုင်ထက်တွင် အသေခံရန် မြှောက်ထားခြင်းခံရသောသူကို ကြည့်ရှုလော့ဟူ၍ ဘုရားသခင်ပြောနေသကဲ့သို့ရှိ၏။ ချစ်သောမိတ်ဆွေ၊ “ဘုရားသခင်သည် သင့်ဝိညာဉ်ကို ကြိုးစား၍ လိုက်လံရှာဖွေလျက်ရှိ၏။”

ထိုဧဝံဂေလိတရားသည် ဘုရားသခင်၏ ဧဝံဂေလိတရားဖြစ်၏။ ထိုအရာသည် ဘုရားသခင်ထံမှလာ၍ ဘုရားသခင်၏ အကြောင်းအရာဖြစ်သတည်း။ ထိုအရာသည် လူ၏အခြေအနေပေါ်၌ မူတည်ခြင်းမရှိသကဲ့သို့ လူကို ဗဟိုပြုထားခြင်းလည်းမရှိပေ။ လူသည် အနိစ္စကို ကျော်လွန်၍ ဘုရားသခင်ကို ရှာဖွေရန်၊ နိစ္စထာဝရသို့ ရောက်ရှိခဲ့သည်မဟုတ်။ ဘုရားသခင်သာလျှင် နိစ္စထာဝရမှ အနိစ္စသို့ ကြွမြန်း၍ မိမိကိုယ်ကို ထင်ရှားပြသလျက် ကပ်တိုင်၌ သွန်းသော အသွေးတော်အားဖြင့် လူကို မိမိထံသို့ ရွေးနှုတ်တော်မူ၏။

ဤအရာသည် ကျွန်ုပ်တို့အတွက် ဘုရားသခင်၏ ထူးကဲသော ဗျာဒိတ်တော်ဖြစ်၏။ ဤအရာသည် ဝမ်းမြောက်ဘွယ်ရာသတင်းကောင်း ဖြစ်၏။ သမ္မာကျမ်းစာက လူသားများအား ဘုရားသခင်ကို ရှာဖွေရန် ပြောဆိုသောအခါ သူတို့နည်း၊ သူတို့ဟန်နှင့်အစပြု၍ ရှာဖွေရန် မဆိုလိုဘဲ ဖန်ဆင်းခြင်း၊ ကာလသရေလတို့၏သမိုင်း၊ ဘုရားသခင်၏ နှုတ်ကပတ်တော်နှင့် လူ့သဏ္ဌာန်ကိုဆောင်သော ခရစ်တော်ယေရှုအားဖြင့် မိမိကိုယ်ကို ထင်ရှားပြသတော်မူသောသူကို တုန့်ပြန်ရန်ကိုသာ ဆိုလိုသည်။

- ကျွန်ုပ်တို့သည် ဘုရားသခင်၏ တရားမျှတမှုကို ဟောပြောသောအခါ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာအားဖြင့် ပြုပြင်သောတရားမျှတမှုကို ဆိုလို၏။
- ကျွန်ုပ်တို့သည် ဘုရားသခင်၏ ဖြောင့်မတ်ခြင်းကို ဟောပြောသောအခါ သူ၏ ချစ်ခြင်းမေတ္တာ၌ အရင်းခံ၍ အစိုးရသော ဖြောင့်မတ်ခြင်းကို ဟောပြောကြ၏။
- ကျွန်ုပ်တို့သည် ဘုရားသခင်၏ ကျေအေးခြင်း၊ အမျက်ပြေခြင်းကို ဟောပြောသောအခါ သူ၏ချစ်ခြင်းမေတ္တာအားဖြင့် ကြံစည်သော၊ ပြင်ဆင်သော၊ ပြီးမြောက်သော၊ ဖြည့်ဆည်းသောအရာကို ဟောပြောကြ၏။
- ကျွန်ုပ်တို့သည် ခရစ်တော်၏ ထမြောက်

ခြင်းကို ဟောပြောသောအခါ သူ၏ချစ်
ခြင်းမေတ္တာတန်ခိုးနှင့် ထူးဆန်းသော စိတ်
လက္ခဏာကို ဟောပြောကြ၏။

## အရေးကြီးဆုံးသောအရာ

"အဓိကကျသောအရာကို လက်ဝယ်ထားရှိခြင်းသည် အဓိကအရာဖြစ်၏"ဟူ၍ အဆိုရှိ၏။ အဓိကအရာမှာ ဘုရားသခင်၏ ***စိတ်တော်နှင့် ချစ်ခြင်းမေတ္တာ*** ကို သိရှိခြင်းဖြစ်ပေသည်။ ဧဝံဂေလိတရားကို ပြောကြားတင်ဆက်သောအခါ အဓိကအရာကို လက်ဝယ်ရယူခြင်းသည် အဓိကလိုအပ်သောအရာဖြစ်၏။ "ခရစ်ယာန်သာသနာ၏ ပျက်စီးခြင်းသည် စိတ်နှလုံး၏ အာရုံလွင့်ခြင်းဖြစ်၏"ဟူ၍လည်း အဆိုရှိ၏။ တမန်တော်ပေါလုသည် ဟောပြောသကဲ့သို့ လက်တွေ့ လုပ်ဆောင်ခဲ့၏။

*"ငါပြုသောအမှု တစ်ခုဟူမူကား. . ."*

*ဖိ ၃း၁၃။*

အဓိကကျသောအရာကို အစဉ်အမြဲ လက်ဝယ်ထားရှိခြင်းသည်အဓိကကျသောအရာ ဖြစ်၏။

*

## အရေးကြီးဆုံးသောအရာသည်
## ဧဝံဂေလိလုပ်ငန်းဖြစ်၏

*ဆင်ခြင်တွေးတောပါ။*

၁။ အရေးကြီးဆုံးသောသူ။
လူတို့အတွက် ခရစ်တော်အသေခံသောမြင့်မြတ်သောလူသားများဖြစ်၏။

၂။ အရေးကြီးသောအရာ။
ချစ်တော်မူသောသားတော်ကို ပေးအပ်ခြင်း၊ ထင်ရှားသောဘုရားသခင်၏ ချစ်ခြင်းမေတ္တာနှင့်ကျေးဇူးတော်တည်းဟူသော မြင့်မြတ်သောဧဝံဂေလိတရားဖြစ်၏။ ဧဝံဂေလိတရားသည် ကယ်တင်ခြင်းကို ရရှိစေသော ဘုရားသခင်၏ တန်ခိုးတော်ဖြစ်၏။

၃။ အရေးကြီးဆုံးသောအကြောင်းအရာ။
အချိန်သည် တိုတောင်းလှ၏။အချိန်၏တိုတောင်းခြင်းနောက်၌ ထာဝရကာလရှိ၏။
လူ့ဘဝသည် တိုတောင်း၏။ သေခြင်းသည် မုချသေချာ၏။ အပြစ်သည် ကျိန်ခြင်းဖြစ်၏။ ခရစ်တော်သည် သမားတော်ဖြစ်၏။

၄။ အဓိကအကျဆုံးသောနည်းလမ်း။
ခရစ်တော်၏အကြောင်းကို ဟောပြောခြင်းအားဖြင့် မေတ္တာနှင့်ကယ်တင်သူအပေါင်းတို့ထံသို့ သွား၍ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာနှင့်

ကယ်တင်ခြင်းအကြောင်းကို သွန်သင်ပါ။ နှုတ်ကပတ်တော်ကို ဟောပြောပါ။

* * * * *

# အကြီးမားဆုံးသောအံ့ဘွယ်

သူ၏အဘသည်သူ့ကိုမြင်လျှင်. . . နမ်းရှုပ်လေ၏။
လု ၁၅း၂၀

*

## ဘုရားသခင်စိတ်တော်၏ အံ့ဘွယ်ရာ ချစ်ခြင်းမေတ္တာ

ဤအရာသည် ခပ်သိမ်းသောအရာတို့ထက်အံ့ဩဘွယ်ဖြစ်သည်။ အကျွန်ုပ်ကို ဖန်ဆင်းသော အကျွန်ုပ် ဘုရားသခင်သည် ကျွန်ုပ်ကို ချစ်တော်မူ၏။ သို့သော် သူ၏အချစ်သည် မျက်ကန်းအချစ်မဟုတ်ပါ။ သူသည် ခပ်သိမ်းသောအရာတို့ကို မြင်တော်မူ၏။ ခပ်သိမ်းသောအရာတို့ကို သိတော်မူ၏။ ကျွန်ုပ်အပြစ်ကို လှန်လှော၍ စိစစ်တော်မူသော်လည်း ကျွန်ုပ်တို ချစ်မြဲချစ်သဖြင့် ဆန့်တန်းသောလက်ရုံးတော်ကို ကျွန်ုပ်အားကမ်း၍ သူ၏ရင်ခွင်သို့ဖိတ်ခေါ်တော်မူ၏။ သူသည်အပြစ်လွှတ်ခြင်းအနမ်းများစွာဖြင့်အကျွန်ုပ်ကိုနမ်း၍သူနှင့်ထာဝရမိဿဟာယဖွဲ့စေတော်မူ၏၊ (လု ၁း၅)။

ကျွန်ုပ်သည် ဆိုးညစ်၍ ငြင်းဆန်တတ်သော စိတ်နှလုံးအားဖြင့် ဖော်ပြမရလောက်အောင်ပျက်စီးခြင်း၌ အချိန်ကို ကုန်လွန်စေခဲ့သော်လည်း

ဤဘဝသစ်၏ အသက်တာတွင် မကုန်ခန်းနိုင်သော သူ့မေတ္တာ၏ လွတ်ကင်းရာသို့ ကျွန်ုပ်ရှောင်ဖယ်၍ မရနိုင်ပါ။ မိုးကောင်းကင်သည် မြေကြီးကို ဝန်းရံသကဲ့သို့ အဆုံးမဲ့သောဘုရားသခင်၏ချစ်ခြင်းမေတ္တာသည် ကျွန်ုပ်ကို ဝန်းရံထား၏။ ဘယ်မျှအံ့ဩဘွယ်ကောင်းပါသနည်း။

## ဘုရားသခင်စိတ်တော်၏ အံ့ဘွယ်ရာ ကျေးဇူးတော်

ဘုရားသခင်၏ ချစ်ခြင်းမေတ္တာနှင့် ကောင်းမြတ်ခြင်းတည်းဟူသော ကျေးဇူးတော်သည် မနှစ်မြို့ဘွယ်သော၊ ချစ်လိုဘွယ်မရှိသောသူများအဘို့ဖြစ်သည်။ဘုရားသခင်၏ ကျေးဇူးတော်သည် အစွမ်းအစမရှိသောသူ၊ မထိုက်တန်သောသူများအတွက် ဖြစ်၏။ ကျွန်ုပ်သည် မထိုက်တန်သောသူ၊ အသုံးမရသောသူ၊ ချစ်လိုဘွယ်မရှိသောသူဖြစ်သည်ကို သိလာသောတခဏခြင်းတွင် ဘုရားသခင်သည် သူ၏ကောင်းမြတ်ခြင်းနှင့် ကျေးဇူးတော်တို့၏ ဘုန်းအသရေတော်အားဖြင့် ကျွန်ုပ်တို့၏ လိုအပ်ချက်အမှန်ကို ဖြည့်ဆည်းရန် အလို့ငှါ ကြီးစွာသော ကယ်တင်ခြင်းကို ပြင်ဆင်ပေးတော်မူကြောင်း ပြသတော်မူ၏။ ချစ်တော်မူသောသားတော်ကို အသေခံစေရန် ပေးတော်မူသောအားဖြင့် အကျွန်ုပ်တို့ကို သူ့အဘို့ ရွေးနုတ်တော်မူသောကြောင့် ကျွန်ုပ်တို့သည် ဘုရားသခင်ကျေးဇူးတော်၏

အံ့ဘွယ်ဖြစ်ခြင်းကို သိရှိလာကြ၏။ ဘုရားသခင်သည် သူ့ကို အလိုမရှိသော သူ့တို့အပေါ်၌ပင် သူ၏ ချစ်ခြင်းမေတ္တာကို ထားတော်မူ၏။ ကျွန်ုပ်တို့သည် သူ့ကို အလိုမရှိကြ။ မရှိမသေကြ (ဟေရှာ ၅၃း၂-၃)သော်လည်း ဘုရားသခင်သည် သူနှင့်ထာဝရ မိဿဟာယဖွဲ့စေခြင်းအလို့ငှါ သူ၏စိတ်နှလုံးကို လူသားတို့အပေါ်၌ ထားတော်မူ၏။

**မထီမဲ့မြင်ခြင်းကိုခံ၍. . . သူတပါးမျက်နှာလွှဲခြင်းကို ခံရသောသူဖြစ်၏။ မထီမဲ့မြင်ပြုခြင်းကို ခံလျှက်ရှိ၍ ငါတို့သည် မရိုသေကြ (ဟေရှာ ၅၃း၃)**

ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူသောကြောင့် ချစ်လိုဘွယ်မရှိသောသူနှင့် မတရားသောသူတို့အတွက် အသေခံစေခြင်းငှါ သူ၏သားတော်ကို စေလွှတ်တော်မူ၏။ **(ရောမ ၅း၆)**။

*

## ဘုရားသခင်စိတ်နှလုံး၏အံ့ဘွယ်သော ဝမ်းမြောက်ခြင်း

ကျွန်ုပ်တို့သည် ဆိုးတေမိုက်မဲဖြုန်းတီးတတ်ခြင်းမှ နောင်တရ၍ ဘုရားသခင်ထံသို့ ပြန်လာသောအခါ ဘုရားသခင်သည် အဘယ်မျှလောက် ဝမ်းမြောက်တော်မူသည်ကို ကျွန်ုပ်တို့အနည်းအကျဉ်းမျှသာ သိကြ၏။ လူသားများကို ကျေးဇူးပြုရသောအမှု၌ ဘုရားသခင်သည် ဖော်မပြနိုင်လောက်အောင် ဝမ်းမြောက်ခြင်းရှိတော်မူ၏။ ကျွန်ုပ်တို့၏လိုအပ်ချက်ကို ဖြည့်ဆည်းသောအမှုထက်သာလွန်၍ ကျွန်ုပ်တို့၏ ထာဝရကောင်းစားရခြင်းအမှုသည် သူ၏ စိတ်တော်ကို ကျေနပ်အားရစေ၏။ "**. . . . ပျောက်သောသိုးကို ငါတွေ့ပြီ။ ငါနှင့်အတူဝမ်းမြောက်ကြလော့**" (လု ၁၅:၆)။

ထို့နောက်တွင် ကျွန်ုပ်တို့အသိအာရုံသည် ပွင့်လင်း၍ သူ၏အထံတော်ပါးသို့ ကျွန်ုပ်တို့ကို ကြိုလင့်သောအခါ၌ပြသသော ဘုရားသခင်၏ လှိုက်လှဲ စုံလင်သော ကျေးဇူးတော်ကိုမြင်လာသောအခါ နောင်တရခြင်းအားဖြင့် ဖြစ်သော အံ့ဘွယ်ဝမ်းမြောက်ခြင်းကို ကျွန်ုပ်တို့အမှန်ပင်ခံစားကြ၏။ နောင်တရခြင်းအားဖြင့်ဖြစ်သော ဝမ်းမြောက်ခြင်းကို ရရှိစေသောအရာမှာ ဘုရားသခင်၏ ကောင်းမြတ်ခြင်းနှင့် ကျေးဇူးတော်ကို သိရှိခြင်းဖြစ်၏။ (ရောမ ၂း၄)။ ကျွန်ုပ်တို့သည် **ဘုရားသခင် စိတ်နှလုံးနှင့်** အကျွမ်းဝင်၍ ဝမ်းမြောက်ရသောအခွင့်ကို ရရှိသော

ကြောင့် နောင်တရခြင်းအားဖြင့်ဖြစ်သော ထိုဝမ်းမြောက်ခြင်းသည် ထာဝရမြဲမြံခြင်း ရှိလိမ့်မည်။

J.A.S.
မတ်လ ၂၀၀၁
H.K.SAR of CHINA

* * * * *

# ဘုရားသခင်၏စိတ်တော်

## ရုပ်ပုံ၌ပါရှိသောအရာများ၏ဆိုလိုချက်အဓိပ္ပါယ်

# ရုပ်ပုံ (၁)



**CHRISTIAN BOOK ROOM**
*P.O. Box 95413*
*Tsim Sha Tsui, Kowloon*
*Hong Kong S.A.R. of CHINA*

(၁) အကြောင်းအရာ : ဘုရားသခင်၏ ချစ်ခြင်းမေတ္တာ
" ဘုရားသခင်သည် လောကီသား အပေါင်းတို့ကို
ချစ်တော်မူ၏ . . . "

**THE HEART OF GOD**
*All rights reserved.*

## ရုပ်ပုံ (၁)

# ဘုရားသခင်၏စိတ်နှလုံး အကြောင်းတရား

*"ဘုရားသခင်သည်လောကီသားအပေါင်းတို့ကို ချစ်တော်မူ၏. . ."*

*ယော ၃း၁၆*

*

(ဤရုပ်ပုံသည် ဘုရားသခင်၏ ကြီးမြတ်သော ဧဝံဂေလိအကြောင်းတရားနှင့်လောကီသားအားလုံးအတွက် သူ၏ချစ်ခြင်းမေတ္တာကို ဖော်ဆောင်ထား၏။)

**၁။ သတိပြုရန် - ဘုရားသခင်သည်ခပ်သိမ်းသောအရာတို့၏မူလအစ ဖြစ်၏။**

**"အစအဦး၌ ဘုရားသခင်သည် . . . ."**

*က ၁း၁*

*ဘုရားသခင်သည် လောကီသားတို့ကို အလွန်ချစ်တော်မူ၏။*

*ယော ၃း၁၆ (တရုတ်ဘာသာ)*

## ဘုရားသခင်သည် ခပ်သိမ်းသောအရာတို့၏ အစဖြစ်သကဲ့သို့ခပ်သိမ်းသောအရာတို့၏ အရင်းအမြစ်လည်းဖြစ်၏။

သမ္မာကျမ်းစာ၏ ပထမဦးဆုံးအပိုဒ်၌ ဘုရားသခင်၏ ပုဂ္ဂိုလ်ဖြစ်ခြင်းကို ကျွန်ုပ်တို့အခိုင်အမာတွေ့မြင်ရ၏။

ချစ်တတ်သော ဘုရားသခင်သည် ပုဂ္ဂိုလ်တစ်ပါးဖြစ်၏။ ချစ်ခြင်းမေတ္တာသည် ခန္ဓာကိုယ်မဲ့ဖြစ်လာသောအရာ မဟုတ်ပါ။ နွေးထွေးသော၊ ယုယသောစိတ်နှလုံးကသာ ချစ်တတ်၏။ ဤခေတ်ကာလ၏ အဆုံးပိုင်းတွင် ဘုရားသခင်သည် သူ၏ကိုယ်စိတ်နှလုံးထဲက လာသောစကားအားဖြင့်၊ ကျွန်ုပ်တို့အသက်တာ၌ အလုပ်လုပ်တော်မူ၏။ သူတို့သည် ဘုရားသခင်နှင့်ကိုယ်တိုင်ကိုယ်ကျ မိဿဟာယဖွဲ့နိုင်မည့်အကြောင်း ပုဂ္ဂိုလ်ချင်းဆင့်၍ လူများတို့၌ သက်ဝင်စေ၏။

*

## ၂။ သတိပြုရန် - ဘုရားသခင်၏ချစ်ခြင်းမေတ္တာ

### ကြီးမားသောဘုရားသခင်၏စိတ်တော်

ဘုရားသခင်၏ စိတ်တော်သည် အလွန်ကြီးမြတ်လှ၏။

ဘုရားသခင်သည် လောကတခွင်လုံး၌ရှိသောပျောက်ဆုံးသူလူသားများကို သူ၏နှလုံးသားထဲ၌ဝင်ဆံ့စေခြင်းငှါ ကြီးမားကျယ်ဝန်းသည့်စိတ်နှလုံးကို ပိုင်ဆိုင်ထား၏။ သူတို့သည် အဘယ်မျှ ဆိုးညစ်ကြသည်မှန်စေတော့၊ ဧဝံဂေလိတရား စကားသည် လောကကြီး တစ်ခုလုံး၌ရှိသော လူသားများအတွက်ဖြစ်၏။ ဘုရားသခင်သည် လောကီသား အားလုံးကို ချစ်တော်မူ၏။ ခရစ်တော်သည် လောကီသားအားလုံးအတွက် အသေခံတော်မူ၏။ ကယ်တင်ခြင်းကို လောကီသားအားလုံးအတွက် ပြင်ဆင်ပေးထား၏။ ထိုအရာကို အခမဲ့လက်ဆောင်အဖြစ် လောကီသားအားလုံးကို ပေးအပ်ထား၏။ လူသည် ထိုအရာကို အဘယ်သို့ တုန့်ပြန်မည်ဟူသော တာဝန်သာတင်ရှိပေသည်။

ဘုရားသခင်၏ ချစ်ခြင်းမေတ္တာသည် တစ်လောကလုံးကို ပွေ့ထူထားသော အံ့ဘွယ်ချစ်ခြင်းဖြစ်သည်။ လိုက်လံရှာဖွေရန် မလိုအပ်သော၊ အဖိုးအခ မတောင်းခံသော လူမျိုးစု၊ အသားအရောင်နှင့် အခြေအနေအရပ်ရပ်တို့ဖြင့် ခွဲခြင်းမရှိသောချစ်ခြင်း

မေတ္တာဖြစ်၍ လူတိုင်းအတွက်ဖြစ်၏။ ဤအရာ သည် ဧဝံဂေလိတရား၏ စုံလင်သောအကြောင်း အရာဖြစ် ၍ဘုရားသခင်၏ကြီးမြတ်ခြင်းဘုန်းတော်နှင့်ထိုက်၏။ ဧဝံဂေလိတရားသည် သူ၏ကျေးဇူးတော်နှင့်ချစ်ခြင်း မေတ္တာကို ထင်ရှားစေ၏။ ဤဧဝံဂေလိတရားသည် ဘုရားသခင်စိတ်တော်၏ဗျာဒိတ်တော်ဖြစ်ပေသည်။

ဘုရားသခင်သည် အပြစ်သားများအားလုံး ကိုချစ်သည်။ ခရစ်တော်သည် သူတို့အတွက်အသေခံ သောကြောင့် ချစ်သည်မဟုတ်၊ ဘုရားသခင်သည် သူတို့ကို ချစ်သောကြောင့် ခရစ်တော်အသေခံခြင်း သာဖြစ်သည်။ ဘုရားသခင်မေတ္တာနှင့်ကင်းဝေးရာ အရပ်၌ အဘယ်သူမျှ မရပ်တည်နိုင်ပါ။

ဘုရား၏ ချစ်ခြင်းမေတ္တာသည် ထိုက်တန် သော (သို့) လှပသောအရာကို နှစ်မြို့စွဲလန်းသော ချစ်ခြင်းမေတ္တာမဟုတ်ပေ။ ဤအရာသည် တစ်စုံ တစ်ခုအပေါ်၌ ရှိသောကိုယ်အင်္ဂါ၏ ဆွဲဆောင်မှု ကြောင့် ယိုဖိတ်လာသော မေတ္တာမဟုတ်ပေ။ ကျွန်ုပ် တို့၌ ဘုရားမေတ္တာကို ယိုဖိတ်စေနိုင်သောအရာ ဘာတစ်ခုမျှ မရှိပါ။ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာ သည် တိုးတက်မြင့်မား၏။ ဘုရားသခင်၏ ချစ်ခြင်း မေတ္တာသည် သူကိုယ်တိုင်၏ သဘောသဘာဝနှင့် ဆန့်ကျင်သောအရာက ပို၍ချစ်ရမည့်အကြောင်း မရှိဘဲ၊ သူ၏အလိုတော်ကို တစ်ဘက်သတ်ပြည့်စုံ စေသော ချစ်ခြင်းမေတ္တာဖြစ်၏။

ဤအရာသည် လုံးဝထိုက်တန်ခြင်းမရှိသော သူများအတွက် စုံလင်ခြင်းအနန္တရှိတော်မူသော သူ၏ နက်ရှိုင်းမြဲမြံသော ချစ်ခြင်းမေတ္တာဖြစ်သည်။

*"သင်သည် အခြားသော လူမျိုးထက်သာ၍ များသောကြောင့်၊ ထာဝရဘုရားသည် သင့်ကို ချစ်၍ ရွေးချယ်တော်မူသည်မဟုတ်။ သင်သည် အခြားသောလူမျိုးတကာတို့ ထက်သာ၍ နည်း၏။ ထာဝရဘုရားသည် သင့်ကိုချစ်သော ကြောင့်၎င်း၊ သင်၏ဘိုးဘေးတို့အား ကျိန်ဆို တော်မူသောအကျိန်ကို မပျက်လိုသောကြောင့် ၎င်း၊ ကျွန်ခံနေရာ၊ အဲဂုတ္တုပြည်ကို အစိုးရသော ဖာရောဘုရင်လက်မှ အားကြီးသောလက်တော် နှင့်သင့်ကိုရွေးနုတ်ဆောင်ယူခဲ့တော်မူပြီ။"*

*တရား ၇း၇-၈*

*"ထာဝရဘုရားသည် အဝေးကထင်ရှား၍ မိန့် တော်မူသည်ကား အကယ်စင်စစ် ထာဝရ မေတ္တာနှင့်သင့်ကို ငါချစ်၏။ ထို့ကြောင့် ကရုဏာကျေးဇူးကို သင်၌ ကြာမြင့်စွာပြ၏။"*

*ယေ ၃၁း၃*

ဘုရားသခင်၏ ချစ်ခြင်းမေတ္တာသည် သူ၏ ဂုဏ်အင်္ဂါကို အလိုတော်ရှိသည့်အတိုင်း စုံလင်စွာ ထုတ်ဖော်ပြသခြင်းပင်ဖြစ်သည်။ လူ့အမြင်အားဖြင့် ကျွန်ုပ်တို့ထင်မှတ်ထားသောချစ်ခြင်းမေတ္တာနှင့်နှီးနှော ဆက်နွယ်မှုများကဲ့သို့သဘာဝကိုလိုက်၍ခံစားခြင်းမျိုး မဟုတ်ပါ။

ဘုရားသခင်၏ ချစ်ခြင်းမေတ္တာသည် အလိုတော်အားဖြင့် ရည်ရွယ်ဆုံးဖြတ်ချက်ချ၍ ချစ်ရမည့်သူကို ရွေးချယ်ခဲ့သောကြောင့် ဘုရားသခင်သည် ကိုယ့်ကိုယ်ကို ငြင်းပယ်သည့်တိုင် ကရုဏာတော်ရှိသည့်အတိုင်း ထိုသူကို ချစ်တော်မူ၏။ ဤအရာကို လေးနက်စွာ ဆင်ခြင်ကြည့်ပါ။

ဘုရားသခင်၏ ချစ်ခြင်းမေတ္တာသည် ထာဝရအင်္ဂါပေမေတ္တာဖြစ်ကြောင်းကို သမ္မာကျမ်းစာအားဖြင့် ကျွန်ုပ်တို့သိရ၏။

**၁။ သားတော်အပေါ်ထားရှိသော ဘုရားသခင်၏စိတ်တော်**

*"ကိုယ်တော်သည် အကျွန်ုပ်ကို ချစ်တော်မူသောမေတ္တာသည် သူ့တို့၌ ရှိစေခြင်းငှါလည်း၊ အကျွန်ုပ်သည် သူတို့၌ရှိစေခြင်းငှါလည်း၊ ကိုယ်တော်၏နာမကို အကျွန်ုပ်သည် သူတို့အား ပြည့်သွန်ပါပြီဖြစ်၍အစဉ်ပြည့်သွန်ပါမည်" ယော ၁၇း၂၆*

**၂။ လူမျိုးအပေါင်းတို့အပေါ်၌ ထားရှိသော ဘုရားသခင်၏စိတ်တော်**

*ဘုရားသခင်၏ သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်၊ထာဝရအသက်ကိုရစေခြင်းငှါ၊ ဘုရားသခင်သည် မိမိ၌တစ်ပါးတည်းသောသားတော်ကို စွန့်တော်မူ*

သည့်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏။”

ယော ၃း၁၆

“ငါတို့သည်အပြစ်ရှိတဲ့ပင်၊ခရစ်တော် သည်ငါတို့အတွက်ကြောင့်အသေခံတော်မူသည်ဖြစ်၍ ဘုရားသခင်သည် ငါတို့ကို အဘယ်မျှလောက်ချစ်တော်မူသည်ကို ငါတို့အားထင်ရှားစွာပြတော်မူ၏”

ရော ၅း၈

၃။ ယုံကြည်သူတို့အပေါ်၌ရှိသော ဘုရားသခင်၏စိတ်သဘောထား

*“ငါ့ပညတ်တို့ကို ရ၍စောင့်ရှောက်သောသူသည် ငါ့ကို ချစ်သောသူဖြစ်၏။ ငါ့ကိုချစ်သောသူကို ငါ့ခမည်းတော်သည် ချစ်တော်မူမည်။ ငါသည်လည်း ထိုသူကိုချစ်၍ သူ့အားကိုယ်တိုင်ထင်ရှားမည်ဟု မိန့်တော်မူ၏။ ယော၁၄း၂၁*

ဘုရားသခင်၏ချစ်ခြင်းမေတ္တာသည် နှိုင်းပြ၍မရသော၊အတ္တကင်းသော၊သံသယကင်းသောအဆုံးမဲ့သော၊မြဲမြံသော၊မငြိမ်းနိုင်သောချစ်ခြင်းမေတ္တာဖြစ်သည်။

မိဘတစ်ဦး၏ နူးညံ့သောချစ်မေတ္တာ(သို့) အဆွေခင်ပွန်းတစ်ယောက်၏ ချစ်ခြင်းမေတ္တာ(သို့) ချစ်သူရည်စားတစ်ယောက်၏ ချစ်ခြင်းမေတ္တာသည် အကယ်ပင်စစ်မှန်၍ အံ့ဘွယ်ဖြစ်ပေမည်။

ထိုချစ်ခြင်းမေတ္တာသည် သစ္စာရှိသော မသွေဖီသော၊ စစ်မှန်သော၊ ချစ်ခြင်းမေတ္တာဖြစ်သော်လည်း၊ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာသည် တုနှိုင်းမရလောက်အောင် သာလွန်ကြီးမား၍ အခြားသောမည်သည့်အရာနှင့်မျှ နှိုင်းယှဉ်မရလောက် အောင်ပိုမိုလှပပေသည်။ ဤအရာကို လူသားတို့၏ နားလည်ခြင်း၊ အသိဉာဏ်အားဖြင့် ရှင်းလင်းဖော်ပြရန် မဖြစ်နိုင်ပါ။ ဤအရာကား ဘုရားသခင်၏ ချစ်ခြင်းမေတ္တာဖြစ်သောကြောင့်တည်း။ ***(ဓေး၁၉)***

ဘုရားသခင်၏ချစ်ခြင်းမေတ္တာသည် နှုတ်ဖြင့်ပြောဆိုနိုင်သော(သို့)စာဖြင့်ရေးသားဖော်ပြနိုင်သောအရာထက် လွန်စွာကြီးမားလှပေသည်။

သတိပြုရန် - ဘုရားသခင်သည် အလင်းဖြစ်၏။ ချစ်ခြင်းမေတ္တာလည်းဖြစ်၏။ အလင်းနှင့်ချစ်ခြင်းမေတ္တာသည် ဖြောင့်မတ်ခြင်းနှင့် သန့်ရှင်းခြင်းကဲ့သို့ ဘုရားပကတိဖြစ်ခြင်း၏ သာမန်ဂုဏ်အင်္ဂါများ မဟုတ်ကြပါ။ အလင်းနှင့် ချစ်ခြင်းမေတ္တာသည် ဘုရားသခင်၏သဘော သဘာဝပင်ဖြစ်ကြ၏။ အလင်းသည် ရောင်ခြည်တော်အားဖြင့် ထင်ရှား၍ သန့်ရှင်းခြင်းအားဖြင့် ခပ်သိမ်းသောအပြစ်တို့ကို စိတ်ဖြာပိုင်းခြားစီရင်၍ အကျိုးအပြစ်ကို ခံစေ၏။ ချစ်ခြင်းမေတ္တာသည် အပြစ်သားများကို ကယ်တင်ရန် ရှာကြံ၍သည်းခံခြင်းအားဖြင့်ခန္တီတော်အားဖြင့်

လမ်းလွဲလျက်၊ မှောင်မိုက်ထဲ၌ ပျောက်ဆုံးသော သူများက နောက်သို့ မတွေ့မခြင်း၊ လိုက်လံရှာဖွေ၏။ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာသည် ပြည့်ဝသော စွန့်လွှတ်ခြင်း၊ ရွေးနှုတ်လိုက်လံရှာဖွေ၏။ ဘုရား သား၏ ချစ်ခြင်းမေတ္တာသည် ပြည့်ဝသောစွန့်လွှတ်ခြင်း၊ ရွေးနုတ်ခြင်းနှင့် ကယ်တင်ရှင် တစ်ပါးတို့ကို ပြင်ဆင်ခဲ့ပေသည်။ ထို့ကြောင့် လေးမြတ်စွာသော ဧဝံဂေလိတရားစကားမှာ"***ဘုရားသခင်သည် တစ်ပါးတည်းသောသားတော်ကို စွန့်တော်မူသည့်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏***"

ဘုရားသခင်၏ စိတ်နှလုံးသည် ကြီးမြတ်တော်မူ၏။ ***လူအပေါင်းတို့သည် ကယ်တင်ခြင်းသို့ ရောက်၍ သမ္မာတရားကို သိစေခြင်းငှါ ဘုရားသခင် အလိုရှိတော်မူ၏။***

*၁တိ ၂း၄*

ဘုရားသခင်သည် မည်သည့်အရာကို အလိုရှိကြောင်း ကျွန်ုပ်တို့လေးလေးနက်နက် မစဉ်းစားမိကြပါ။

ဧဝံဂေလိတရားသည် ဘုရားသခင်၏ စိတ်နှလုံးမှ ထွက်လာသောအရာဖြစ်သည်။ သူသည် လောကီသားအပေါင်းတို့အား ထာဝရပျောက်ဆုံးခြင်းမှ ကယ်တင်ခြင်းသို့ရောက်၍ ဖွင့်ပြခြင်းခံရန် သမ္မာတရားကိုသိနားလည်စေခြင်းငှါအလိုတော်ရှိ၏။

ဘုရားသခင်သည် ဤသို့အလိုရှိသည်သာ မကဘဲ၊ ရွေးနုတ်ခြင်းအဘိုးကိုလည်း ပြင်ဆင်ပေးခဲ့သည်။ ယခုတွင် ကျွန်ုပ်တို့သည် ကယ်တင်ခြင်းကို ရရှိခြင်းအလို့ငှါ ခရစ်တော် အသေခံခြင်းဖြင့် ပေးဆပ်သော ရွေးနုတ်ခြင်းကြောင့် တံခါးသည် ပွင့်လျှက်ရှိပေသည်။

ဤအရာမှာ ကြီးမြတ်၍ အဘိုးထိုက်သော အမှုဖြစ်သည်။ ဘုရားသခင်၏ တန်ရာတောင်းဆိုမှုသည် ပြည့်ဝခဲ့ပြီဖြစ်၍ ယုံကြည်သောသူအပေါင်းတို့သည် ကယ်တင်ခြင်းကို ရရှိကြပေလိမ့်မည်။ ဘုရားသခင်၏စိတ်နှလုံးနှင့်အလိုတော်သည် ကုန်လုံးပြည့်စုံစွာ ထင်ရှားခဲ့ပေပြီ။

ယခု ယေရှုခရစ်အားဖြင့် **ဘုရားသခင်စိတ်တော်၏ သဘောသဘာဝကို ကျွန်ုပ်တို့ သိရှိနိုင်ပြီဖြစ်၏။**

ကျွန်ုပ်တို့သည် ဘုရားသခင်စိတ်တော်၏ ကြီးမြတ်မှုကို အနည်းငယ်မျှသာ သိရှိနားလည်ကြသည်မှာ ဝမ်းနည်းဖွယ်ဖြစ်သည်။ ဘုရားသခင် ဖန်ဆင်းသော စကြဝဠာ၏ ဘုန်းအသရေထည်ဝါခြင်းနှင့် ကျယ်ဝန်းခြင်းသည် ကြီးမားလွန်းသောကြောင့် ထိုအရာ၏ ကြီးမြတ်၊ ကြီးမားမှုကို ကျွန်ုပ်တို့၏ အသိဉာဏ်အားဖြင့် စေ့စုံစွာ နားလည်နိုင်ခြင်း မရှိပါ။ ***လက်ညှိုးတော် အလုပ်တည်းဟူသော ကိုယ်တော်၏ မိုဃ်းကောင်းကင်ကိုငှင်း၊ ပြင်ဆင်တော်မူသော***

*လနှင့်ကြွယ်များကိုငင်း၊ ကျွန်ုပ်ဆင်ခြင်သော် လူသည်အဘယ်သို့သောသူဖြစ်၍ ကိုယ်တော်သည် အောက်မေ့တော်မူရသနည်း၊ လူသားသည် အဘယ် သို့သောသူဖြစ်၍ အကြည့်အရှုကြွလာတော်မူရ သနည်း။*

*ဆာ ၈း၃-၄*

လူတို့ကို ရွေးနုတ်ခြင်းအလို့ငှါ သူ၏သား တော်ကိုပင် စွန့်သည့်တိုင်အောင် လောကလူသား များအား ဘုရားသခင်ချစ်တော်မူသည့်အကြောင်း သည် ကျွန်ုပ်တို့အဘို့ **အလွန်ပင်နားလည်ရခက်ပေ သည်။**

ကျွန်ုပ်တို့သည် ဖန်ဆင်းခြင်းနှင့်ရွေးနုတ် ခြင်း၌ရှိသော ဘုရားသခင်၏ကြီးမြတ်သည့် ဝမ်း မြောက်ခြင်းကို ယုံကြည်ခြင်း တစ်ခုတည်းအားဖြင့် သာ သိရှိခံစားနိုင်ကြ၏။

*

## ၃။ သတိပြုရန်- စိတ်နှလုံးပတ်လည်၌ရှိသော မီးလျှံ

*"ငါတို့၏ ဘုရားသခင်သည် လောင်သောမီး ဖြစ်တော်မူ၏။"*

*ဟေဗြဲ ၁၂း၂၉*

*". . . တောင်ခြေရင်း၌ရပ်နေကြ၏။ တောင်ထိပ်သည် မိုးကောင်းကင်အလယ်၌ မီးလောင်လျက်. . ."*

*ဘုရားသခင်သည် သန့်ရှင်းတော်မူသည် ဖြစ်၍ သူ၏ သန့်ရှင်းခြင်းရောင်ခြည်နှင့်အပ်စပ်မှု မရှိသော အရာမှန်သမျှ လောင်ကျွမ်းခြင်းခံရမည် ဖြစ်သည်။*

*တရား ၄း၁၁*

ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူ၍ သူ၏ကျေးဇူးတော် ချစ်ခြင်းမေတ္တာနှင့်ယှဉ်သော ကတိတော်ကို ဆုံးရှုံးနေသော၊ ပျောက်ဆုံးနေသော အပြစ် သားများအား ရေးဦးစွာ ပေးတော်မူ၏။ ထို့နောက်တွင် လူသည် မိမိကိုယ်ကိုပျောက်နေသော သူဖြစ်ကြောင်း၊ အပြစ်ရှိသောသူအဖြစ်ကိုဇင်း၊ ကယ်တင်ခြင်း (ဘုရားသခင် အခမဲ့ပေးသောအရာ) လိုအပ်ချက်ရှိကြောင်းကိုဇင်း၊ သိစေခြင်းငှါ ဘုရားသခင်သည် သူ၏သန့်ရှင်းသော ဝိညာဉ်တော်ကို ပေးတော်မူ၏။

ဘုရားသခင်သည် သူ၏ သန့်ရှင်းသော ပညတ်တော်ကို ပေးသောအခါ လောကီသားတို့အား ကယ်တင်ခြင်းငှါ ကရုဏာတော်ကြီးမားသဖြင့် သူ၏ စိတ်နှလုံးသည် ကောင်းကင်အလယ်သို့တိုင် တောက်လောင်ခဲ့၏။ သို့တိုင်အောင် ထိုစိတ်နှလုံးသည် လောကီသားတို့ကို အမင်္ဂလာမှ ထာဝရသို့ကယ်တင်ခြင်းငှါ မေတ္တာနှင့် ပြည့်ဝသော စိတ်နှလုံးဖြစ်၏။

ဩော်. . လူသားများအတွက်ပြင်းပြသော
ကရုဏာတော်ပါတကား။
ဩော်. . အားကြီးသောသနားခြင်း
ကရုဏာပါတကား။
ဩော်. . သေခြင်းသို့တိုင်သော
ချစ်ခြင်းမေတ္တာပါတကား။
ဩော်. တောက်လောင်သောမီးပါတကား၊

*ရေများတို့သည် မေတ္တာကို မသတ်နိုင်။*
*မြစ်ရေတို့သည် မလွှမ်းမိုးနိုင်။*
*သီ ၈း၇။*

*

## ၄။ သတိပြုရန် - ဘုရားသခင်၏ ပြင်ပအရပ်၌ရှိသောမှောင်မိုက်

*"... ဘုရားသခင်သည်အလင်းဖြစ်တော်မူ၏။ ဘုရားသခင်၌မှောင်မိုက်အလျှင်းမရှိ။"*

၁ယော ၁း၅

ဘုရားသခင်၏ ပြင်ပအရပ်၌ရှိသော အရာခပ်သိမ်းသည် မှောင်မိုက်ဖြစ်၏။ နက်စွာသော အမှောင်ထုသည် စာတန်နှင့်သူ၏အပေါင်းအပါ နတ်ဆိုးများအတွက် ထာဝရကာလအဘို့ သိုထားသောအရပ်ဖြစ်သည်။ လူအပေါင်းတို့သည် ကယ်တင်ခြင်းသို့ ရောက်၍သမ္မာတရားကို သိစေခြင်းငှါ ဘုရားသခင်အလိုတော်ရှိ၏။ ယခုနေ့ရက်ကာလသည် ကယ်တင်ရာနေ့ရက်ကာလဖြစ်ကြောင်း၊ ဘုရားသခင်၏နှုတ်ကပတ်တော်က ဖော်ပြလျက်ရှိ၏။ ဤကာလသည် ဘုရားသခင်ကို ရှာ၍ ထာဝရအမှောင်ထုကို ရှောင်ကြဉ်ရမည့်အချိန်ဖြစ်သည်။ ဤဘဝ၊ အသက်တာ ကုန်လွန်သောအခါ အခွင့်အရေးဟူ၍ တဖန်ရနိုင်တော့မည်မဟုတ်ပါ။

* * * * *

# ရုပ်ပုံ (၂)



**CHRISTIAN BOOK ROOM**
*P.O. Box 85413*
*Tsim Sha Tsui, Kowloon*
*Hong Kong S.A.R. of CHINA*

(၂) လုပ်ဆောင်ချက် း ဘုရားသခင်၏ ဆုကျေးဇူးတော်

" . . . ဘုရားသခင်သည် မိမိ၌တပါးတည်းသော
သားတော်ကို စွန့်တော်မူသည်တိုင်အောင် . . . "

**THE HEART OF GOD**

*All rights reserved.*

# ရုပ်ပုံ(၂)

## ဘုရားသခင်၏ဆုကျေးဇူးတော် အကြောင်းတရား

"...ဘုရားသခင်သည် မိမိ၌တပါးတည်း သောသားတော်ကို စွန့်တော်မူသည်တိုင်အောင်..."

ယော ၃း၁၆

*

ဤရုပ်ပုံသည် လုပ်ဆောင်ချက်တည်းဟူသော သူ၏ ဆုကျေးဇူးကို ပေးတော်မူရာ၌ ဘုရားသခင်ပြုသောအမှုကို သရုပ်ဖော်ထား၏။

**၁။ သတိပြုရန် - ဆုကျေးဇူး**

**လောကသို့ ခရစ်တော်ကြွလာခြင်း။**

လူသားသည် ပျောက်သောသူတို့ကိုရှာ၍ ကယ်တင်အံ့သောငှါ ကြွလာသတည်း"

လု ၁၉း၁၀။

*"လူသားသည် သူတစ်ပါးကို စေစားခြင်းငှါမလာ။ သူတစ်ပါးအစေကိုခံခြင်းငှါလည်း၊ မိမိအသက်ကိုစွန့်၍ လူများကို ရွေးခြင်းငှါလည်း၊ ကြွလာသည်ဖြစ်၍*

*မ ၂၀း၂၇-၂၈*

## ၁။ ကြွလာတော်မူ၍။

လောကသို့ ခရစ်တော်ကြွလာခြင်းသည် ခေတ်ကာလတစ်လျှောက်တွင် အနန္တအကြီးမားဆုံးသောအဖြစ်အပျက်ပင်ဖြစ်သည်။ ကြွလာတော်မူသောသူ၏ ကြီးမြတ်ခြင်းနှင့်ယှဉ်သော် လောကီသားအားလုံးအတွက် ကြွလာတော်မူရခြင်းအကြောင်းတရားများသည် နားလည်ရခက်လောက်အောင်နက်ရှိုင်းမှုရှိ၏။

**"ခရစ်တော်သည် လောကသို့ကြွလာခဲ့၏"** ထိုသို့ပြောရမည့်သူဟူ၍ အခြားအဘယ်သူမှမရှိပါ။ သူသည် ဤလောကသို့ ကြွလာသည်ဟု ပြောရမည့်သူ အခြားသောမည်သူ တစ်ယောက် တစ်လေမျှမရှိပါ။

လူသားတိုင်းသည် ဤအရပ်၌ ကြီးပြင်းလာသူများဖြစ်ကြသည်။ လူသားတိုင်းသည် ဝတ္တရားတစ်စုံတစ်ရာအားဖြင့်မဟုတ်ဘဲ၊ မွေးဖွားခြင်းအားဖြင့် ဤအရပ်သို့ ရောက်ရှိလာကြသည်။ ထိုသို့အလို့ငှါ မိမိ၏ ကိုယ်စွမ်းကိုယ်စ မပါဝင်ပါ။ ဤအရပ်၌ ရှိနေရခြင်းကသာ ဝတ္တရားကို အစပြုစေ၏။

သို့ရာတွင် ဘုရားသခင်၏သားတော် ကြွလာသည်ဆိုရာတွင် သူသည် ကြွမလာမီကတည်းက တည်ရှိတော်မူကြောင်း လုံးဝထင်ရှား၏။ ကြွလာတော်မမူမီကတည်းက တည်ရှိသောကြောင့်သာ ကြွလာခဲ့၏။

သူသည် အစမရှိသောသူဖြစ်သကဲ့သို့ အဆုံး

လည်းမရှိပါ။ ဘုရားသခင်၏နှုတ်ကပတ်တော်တည်းဟူသောသမ္မာကျမ်းစာကို တိကျစွာဘာသာ ပြန်ဆိုသော ဘာသာစကားအားလုံးသည် ဤအရာကို အထင်အရှားဖော်ပြလိမ့်မည်။ သူ၏မူလ အစကို ဘယ်သောအခါမှ ပြောဆိုလိမ့်မည်မဟုတ်ပါ။ ခရစ်တော်သည် ထာဝရတည်ရှိသော်လည်း အချိန်ကာလနှင့်တည်ဆောက်ဖွဲ့စည်းထားသော ဤလောကသို့ ကြွလာခဲ့၏။

တမန်တော်ယောဟန်က သူ၏နေ့ရက်ကာလ၌ အန္တိခရစ်၏ဝိညာဉ်သည် လောကသို့ကြွနှင့်ပြီဖြစ်၍ ခရစ်တော်သည် ကိုယ်တိုင်ပြန်ကြွလာတော်မမူမီတိုင်အောင် အထင်အရှားရှိမည်ဖြစ်ကြောင်း ဖော်ပြခဲ့၏။ ထိုအန္တိခရစ်၏ဝိညာဉ်သည် **လူဇာတိအားဖြင့် ကြွလာသောယေရှုခရစ်ကို** ငြင်းပယ်သောသူဖြစ်၏။ *(၁ယော ၄း၃)*။

ခရစ်တော်သည် လောက၌ရှိတော်မူခဲ့သည်ကို လူနည်းစုကသာ ငြင်းဆိုကြလိမ့်မည်။ သို့ရာတွင် ယေရှုခရစ်သည်လူဇာတိဖြင့်ကြွလာသည့်အကြောင်းကို အန္တိခရစ်၏ ဝိညာဉ်ကငြင်းပယ်လေ၏။ ထိုသို့ ဆိုရသည့်အကြောင်းမှာ သူသည် စင်ကြယ်သောလူသား၏ အပြစ်ကို မယူတင်မီကတည်းကရှိနှင့်သောကြောင့် သာမန်ပုထုဇဉ်လူသားတစ်ယောက်မျှသာ မဟုတ်ဘဲ ဘုရားပကတိစင်စစ်ဖြစ်တော်မူကြောင်းကို ထင်ရှားစေရန်ဖြစ်၏။

***"ကောင်းကင်ဘုံကဆင်းသက်သောသူ". .***

***ယော ၃း၁၃***

၂။ အဘယ်အရပ်ကကြွလာခဲ့သနည်း။

ဤအရာကို သခင်ယေရှုကိုယ်တိုင် ဤသို့ ရိုးစင်းစွာ ဖြေကြားထား၏။

**ကောင်းကင်ဘုံကဆင်းသက်၍ ကောင်းကင် ဘုံ၌ရှိနေသော လူသားမှတပါးအဘယ်သူမျှ ကောင်း ကင်ဘုံသို့မတက်ပြီ။**

ယော ၃း၁၃

**ငါသည်ကိုယ်အလိုသို့လိုက်ခြင်းငှာ ကောင်း ကင်မှဆင်းသက်လာသည်မဟုတ်။ *ငါ့ကိုစေလွှတ် တော်မူသော သူ၏ အလိုတော်သို့ လိုက်ခြင်းငှါ ဆင်း သက်၏”***

*ယော ၆း၃၈*

သူသည် ကောင်းကင်မှဆင်းသက်သောသူ ဖြစ်သောကြောင့် ကောင်းကင်သို့ သွားရာလမ်းလည်း ဖြစ်၏။ သူက“**ငါသည်လမ်းခရီးဖြစ်၏။. . .**” ဟု မိန့်တော်မူခဲ့၏။

မြေကြီးပေါ်၌ နေထိုင်သောလူသားများ သည် မြေကြီးအရာကိုသာ စဉ်းစား၍ လောကထဲ ၌ အချိန်အပြည့်အဝ အသုံးပြုကာ လောကအဘို့ အသက်ရှင်ကြသည်။ သို့ရာတွင် ကောင်းကင်သည် မြေကြီးထက် လွန်စွာမြင့်မြတ်ခြင်းရှိ၏။ ထို့ကြောင့် ကျွန်ုပ်တို့ ကျင်လည်သော မြေကြီးသာလျှင် အရာ ခပ်သိမ်းဖြစ်သည်ဟု ယုံမှတ်၍ အသက်ရှင်သောသူ

များအား ဘုရားသခင်၏ကျေးဇူးတော်ချစ်ခြင်း မေတ္တာနှင့်ယှဉ်သော ဧဝံဂေလိ တရားကို ဟောပြော သောအခါ ကောင်းကင်သည် မြေကြီး ထက်လွန်စွာ ကြီးမြတ်ကြောင်းကို အထင်အရှား ပြသ၍ သူတို့၏ အာရုံကို ရယူရန်ကြိုးစားရခြင်းဖြစ်သည်။

မြင်တွေ့ရသော ကောင်းကင်မရှိလျှင်ပင် လူသားများအသက်ရှင်နေထိုင်ရန် မဖြစ်နိုင်ပါ။ကျွန်ုပ် တို့သည် လောကနှင့်ဆိုင်သောသူများဖြစ်၍ လောက ၌ ကျင့်သားရပြီးသောသူများဖြစ်သည့် အား လျော်စွာ ကောင်းကင်မရှိသည့်တိုင် အချိန်အတန်ကြာ အသက် ရှင်နိုင်ကြပေမည်။ သို့ရာတွင် ကောင်းကင်မရှိလျှင် လူသားအားလုံးအသက်ဆုံးကြရပေမည်။ အကယ် ၍နေ၏အလင်းကိုမရလျှင် မြေကြီးကို ထိန်းချုပ်သော အာကာသများရုတ်တရက်ရပ်တန့်သွားကြလျှင်. . . လူသည် အဘယ်သို့ ပြုနိုင်သနည်း။ လူသည် ထိုအမှု ကိုပြောင်းလဲစေနိုင်သလော။ ကမ္ဘာတစ်ဝှမ်းလုံး၌ တစ်နှစ်(သို့)နှစ်နှစ်ခန့် မိုးမရွာဘဲနေပါက အဘယ် သို့ ဖြစ်မည်နည်း။ အမှန်အားဖြင့် ကောင်းကင်သည် မြေကြီးကို အစိုးရပေသည်။

ဘုရားသခင်က ***"ကောင်းကင်ဘုံသည် ငါ၏ ပလ္လင်ဖြစ်၏"*** ဟု မိန့်တော်မူ၏ ထိုနေရာသည် ဘုရား သခင်တည်ရှိရာအရပ်ဖြစ်သဖြင့်မြေကြီးကိုထိုအရပ်မှ အစိုးရပေ၏။ သခင်ယေရှုခရစ်က"ငါသည် ကောင်း ကင်က ဆင်းသက်သောသူ ဖြစ်၏" ဟုမိန့်တော်မူ၏။

၃။ **အဘယ်ကြောင့် ကြွလာခဲ့သနည်း။**

ဤသို့ကြီးမြတ်လှသောသူကို အဘယ်အရာက ပို့ဆောင်ခဲ့ပါသနည်း။ သူသည် အဘယ်ကြောင့် ကြွလာခဲ့ပါသနည်း။

ဘုရားသခင်ကိုယ်တိုင်သည် လူသားတို့ အား နီးတော်မူရန် အလိုတော်ရှိ၏။ ဘုရားသခင်သည် ယေရှုခရစ်ကြွလာမည့်အကြောင်းကို ဟေရှာယ အားဖြင့် မိန့်မြွက်တော်မူခဲ့သည် *(ဟေရှာ ၇း၁၄)*

**"ထိုသူကို ဧမာနွေလအမည်ဖြင့် မှည့်ရလတံ့"** ထိုအရာ၏ အနက်မှာ **ငါတို့နှင့်အတူရှိတော်မူသော ဘုရားသခင်"**ဟူ၍ဖြစ်ကြောင်း ရှင်မဿဲက ကျွန်ုပ်တို့အား ပြောဆိုထား၏။ *(မ ၁း၂၃)*

သူသည် ဘုရားသခင်ဖြစ်တော်မူ၍ ကျွန်ုပ်တို့ရှိရာအရပ်သို့ ကြွလာသောသူဖြစ်သည်။ အဘယ်ကြောင့်နည်းဟူ၍ လူသားတိုင်းမေးမြန်းသင့်ပေသည်။ ဘုရားသခင်သည် အဘယ်ကြောင့်ကျွန်ုပ်တို့ထံသို့ကြွလာရပါသနည်း။

ဤအရာသည် ဖျောက်ဖျက်၍မရသောအမှုဖြစ်၏။ အကယ်၍ ဘုရားသခင်သည် လူသားတို့ကို ဖျက်ဆီးခြင်းငှါ ကြံစည်ခဲ့လျှင် မြေကြီးပေါ်သို့ ဆင်းသက်စရာမလိုအပ်ပါ။

သူ၏ရောင်ခြည်တော်လျှပ်စီးအားဖြင့်ပင် ဖျက်ဆီးနိုင်၏။ သူသည် ကောင်းကင်ပြူတင်းပေါက်များကို ဖွင့်လှစ်တော်မူနိုင်၏။ လူသားများသည် ထို

အမှုကို မကြာခဏမေ့လျော့တတ်ကြ၏။ အကယ်၍ ထိုသို့ပြုရန်၊ အလိုတော်ရှိလျှင် လောကီသားအပေါင်းတို့ကို တဖန်ဖျက်ဆီးခြင်းငှါ တတ်နိုင်တော်မူ၏။

ဘုရားသခင်သည် အလိုတော်ရှိလျှင် ကမ္ဘာကြီးကို လှုပ်ခါနိုင်တော်မူ၏။ မြေငလျင်တို့သည် လျှပ်တပြက်၌ပင် မြို့ပေါင်းများစွာကို ဖျက်ဆီးခဲ့ကြပေသည်။ တစ်လောကလုံးကို လှုပ်ခါမည့်မြေငလျင်ကို စိတ်ကူးယဉ်ကြည့်စမ်းပါ။

ထိုသို့မဟုတ်ပါ။ ဘုရားသခင်ကိုယ်တော်တိုင်သည် သူဖန်ဆင်းထားသောသက်ရှိသတ္တဝါများထံသို့ ကြွမြန်းလာသည်ဖြစ်၍ သူတို့ကို ဖျက်ဆီးခြင်းငှါ၊ အလိုတော်မရှိသည်မှာ လုံးဝထင်ရှားလျက်ရှိ၏။

ဤအရာက သူ၏ဖန်ဆင်းခြင်းအပေါ်၌ထားရှိသော အနက်ရှိုင်းဆုံးသော စိတ်ဝင်စားမှုနှင့် စာနာထောက်ထားမှုတို့ကိုပြသပေသည်။

သစ္စာတရားဟူမှုကား ဘုရားသခင်သည် လူသားကို လွမ်းဆွတ်သတိရတော်မူ၏။ အပြစ်တရားသည် ကြားဖြတ်ဝင်ရောက်လာ၍ လူကိုဘုရားသခင်နှင့်ကင်းကွာစေသောအခါ ဘုရားသခင်က **“အာဒံ၊ သင်သည် ဘယ်မှာရှိသနည်း”**ဟု ခေါ်တော်မူ၏။ ထိုစကားလုံးတို့၏ နောက်ကွယ်တွင် ပြင်းစွာသောစိတ်နာကျင်ခြင်းရှိ၏။ လူသားတို့ကို ဆုံးရှုံးရသောကြောင့် ဘုရားသခင်သည် နာကျင်သော စိတ်

ရှိတော်မူ၏။ သမ္မာကျမ်းစာ၏ပထမဆုံးသော ကျမ်းစာစောင်တွင် တစ်နေ့သောအခါ၌ကုန်လုံးပြည့်ဝစွာ ထင်ရှားပြသမည့် **ဘုရားသခင်၏ စိတ်တော်ကို** ကျွန်ုပ်တို့တွေ့ရ၏။ ***"ဘုရားသခင်သည် မိမိတစ်ပါးတည်းသော သားတော်ကို စွန့်တော်မူသည်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏. . . "***

သူ၏သားတော်ကို လောက၏ ကယ်တင်ရှင်ဖြစ်စေအံ့သောငှါ စေလွှတ်သောအားဖြင့် ဘုရားသခင်သည် ဆင်းကြွတော်မူခဲ့သည်။

ဤအရာများသည် သမိုင်းခန်းဆက်အားလုံး၏ အဓိကမဏ္ဍိုင်ကျသောအချက်များဖြစ်သည်။

*၁။ ရွေးနှုတ်သော သခင်သည် ကြွလာလိမ့်မည်. . . . ။* *ဟောရှာ ၅၉း၂၀*

*၂။ လူသားသည် ကြွလာတော်မူ၏။ . . . သူသည် ကြွလာခဲ့ပေပြီ။* *လု ၁၉း၁၀*

*၃။ "ငါသည် တဖန်ပြန်လာမည်"*

*ယော ၁၄း၃။*

ဘုရင်တကာတို့၏ဘုရင် အရှင်တကာတို့၏ အရှင်ဖြစ်သူနှင့်အတူ စိုးစံစေခြင်းငှါ သူ၏ အသင်းတော်ကို အိမ်တော်သို့ ခေါ်ဆောင်ရန် သူသည် တဖန်ကြွလာပေဦးမည်။

*

## ၂။ သတိပြုရန် - စွန့်ကြဲခြင်းအမှုကို ပြုသော ဘုရားသခင်၏လက်တော်

ဧဝံဂေလိတရားသည် သင်ပေးဆပ်ရမည့်တရားစကားမဟုတ်ဘဲ သင်ရယူရမည့်တရားစကားသာဖြစ်သည်ကို သတိပြုပါ။

ဧဝံဂေလိတရားသည် လူသားများ ဘုရားသခင်ထံသို့ ရောက်နိုင်ခြင်းငှါ လူကို ကြံစည်သောအရာမဟုတ်ဘဲ၊ လူသားများထံသို့ ဆင်းကြွမည့်အကြောင်း ဘုရားသခင်ကြံစည်တော်မူသောအမှုဖြစ်သည်။

ခရစ်တော်သည် လောကီသားတို့အတွက် အသက်ကို စွန့်ခြင်းငှါ ကြွလာခဲ့၏။ *(ယော ၆း၃၃)* ***ခရစ်တော်သည် မိမိအသက်ကိုစွန့်၍*** လူများကို ရွေးခြင်းငှါကြွလာခဲ့၏။ *မ ၂၀း၂၈*

***"ကောင်းသောသိုးထိန်းသည် သိုးတို့အဘို့အလို့ငှါ မိမိအသက်ကို စွန့်တတ်၏။" ယော ၁၀း၁၁။***

***" ထာဝရအသက်ကိုလည်း ငါပေး၏. . . " ယော ၁၀း၂၈။***

"ဘုရားသခင်၏လက်ဆောင်၊ ကျေးဇူးတော်ကို သင်သည် သိလျှင်. . ." ***ယော ၄း၁၀။*** ဤအရာသည်ဒုက္ခိတအပြစ်သားတစ်ယောက်အတွက်လိုအပ်သောအကြီးမားဆုံးအရာဖြစ်သည်မဟုတ်လော။ မည်သည့်လူမျိုးဖြစ်ပါစေ၊ မည်သည့်အပြစ်ကို

ကျူးလွန်ခဲ့ပါစေ၊ ဤအရာသည် လူသားတိုင်း သိရှိရန် လုံးဝလိုအပ်သောအရာဖြစ်သည်။ ပထမဦးဆုံး ကျွန်ုပ် သိရမည့်အရာသည် ရေအားဖြင့် စင်ကြယ်ခြင်းအမှု မဟုတ်၊ ကွန်ဖြူးရှပ်၏ ဝိနည်းကျင့်ဝတ်မဟုတ်၊ သန့်ရှင်းသူများ၏ ဆုတောင်းပေး ခြင်းမဟုတ်၊ အသင်းတော်(သို့) နောင်တရခြင်းကျင့်ဝတ်လည်း မဟုတ်ပါ။ ကျွန်ုပ်တို့သိရန်နှင့် လက်ခံရရှိရန် လိုအပ်သောအရာမှာ အောက်ပါအတိုင်းဖြစ်၏။

## ဘုရားသခင်၏ လက်ဆောင်

ဤအရာသည် လက်ဆောင်၊ **လက်ဆောင်၊ လက်ဆောင်** ဖြစ်၏။ မယုံကြည်သူ အသင်မိတ်ဆွေ ဤအရာကို သိခဲ့လျှင် ယုံကြည်ပါ၊ လက်ခံပါ။ ထိုသို့ပြုလျှင် သင်၏ အသက်တာတစ်ခုလုံး ပြောင်းလဲခြင်း ခံရလိမ့်မည်။ ဤအရာကို အသင်ဝယ်ယူ၍မရပါ။ အကျင့်ကုသိုလ်အားဖြင့်လည်း မရနိုင်ပါ။ သူသည် သင်ပြုဘူးသမျှသောအရာအားလုံးကို သိမြင်သည်။ သင်ပြုလုပ်နေသောအရာအားလုံးကိုလည်း သိမြင်သည်။ ယခုတွင် ဘုရားသခင်သည် ကပ်တိုင်၌ ကွပ်မျက်ခြင်းခံရသောယေရှု၊ ထမြောက်ခဲ့သောယေရှု၊ ချီးမြှောက်ခြင်းခံရသော ယေရှုကို သင့်ရှေ့၌ ထင်ရှားပြသလျက်ရှိသည်။ လက်ဆောင်တကာတို့၏ လက်ဆောင်ဖြစ်သော ထိုသူကို သင်သိပါသလား။

သို့သော်ငြားလည်း ကျွန်ုပ်အပြစ်သည် လေးလံ၍ ကျွန်ုပ်ကို ဖိစီးလွှမ်းလှသည်။ အကျွန်ုပ် ဘာလုပ်ရမည်နည်းဟူ၍ သင်ပြောဆိုပါသလား။

သင်သည် ဘုရားသခင်၏လက်ဆောင်ကို သိခဲ့လျှင် ဆိုးယုတ်သောလောဘအမှောင်ထု၌ ပြုဘူးခဲ့သမျှသောအပြစ်ရှိသမျှတို့ကို သင်သည်ကျူးလွန်ခဲ့သော်လည်း ဘုရားသခင်၏လက်ဆောင်ဖြစ်သောသူ၏သားတော်နှင့်သူ၏ ရွေးနုတ်ခြင်းသည် ထိုအရာအားလုံးထက်သာ၍ကြွယ်ဝလျက်ရှိသည်။ အသွေးတော် အားဖြင့် ရွေးနုတ်တော်မူသည်ဖြစ်၍ ဘုရားသခင်၏ သားတော်***ယေရှုခရစ်၏ အသွေးတော်သည် ငါတို့အပြစ်ရှိသမျှတို့ကို ဆေးကြောတော်မူ၏။***

***၁ယော ၁း၇***

ဤလက်ဆောင်ကို ယုံကြည်ပါ။ လက်ခံပါ။ ဘုရားသခင်ကို တောင်းလျှောက်လျှင် သင့်အား ထာဝရသက်စမ်းရေကို ပေးတော်မူသဖြင့် သင်သည် နောက်တဖန်ရေငတ်ခြင်းရှိတော့မည် မဟုတ်ပါ။

**ဘုရားသခင်၏ လက်ဆောင်ကို ဦးစွာ** ပထမရရှိလျှင်၊ အသက်တာပြောင်းလဲခြင်းနှင့် သန့်ရှင်းခြင်းကို ထပ်ဆင့်၍ ရရှိပေမည်။

***"ထိုသူကို လက်ခံသမျှသောသူတည်းဟူသော ကိုယ်တော်ကို ယုံကြည်သောသူတို့အား ဘုရားသခင်၏ သားဖြစ်ရသောအခွင့်ကို ပေးတော်မူ၏"***

***ယော ၁း၁၂***

အမှန်တကယ်စွန့်ကြဲသောသူကို တွေ့လိုလျှင် ဘုရားသခင်ထံပါးသို့ သွားရပေမည်။ သူပေးသောအခါ -

*"လောကသားများကဲ့သို့မဟုတ်။ သူ၏ချစ်စွာသော အမွေတူခံစားခွင့်ရှိသောသူများ အားရှိသမျှကို ဝေပေးတော်မူ၏။"*

***J.N. Darby.***

*"အစွန့်အကြဲခံခြင်းအရာထက် စွန့်ကြဲခြင်းအရာသည် သာ၍ မင်္ဂလာရှိသည်။"တ ၂၀း၃၅*

သမ္မာကျမ်းစာတော်ကို လူသားများအား လက်ဆောင်အဖြစ်ပေးအပ်ထားသည်။ ထိုအရာသည် ဘုရားသခင်မှုတ်သွင်းတော်မူသောအားဖြင့်ဖြစ်၍ ခပ်သိမ်းသောအမှုကို ကျေးဇူးပြုတတ်သည်။

သမ္မာကျမ်းစာသည် အဘယ်ကြောင့် ထိုမျှလောက် ကျေးဇူးပြုပါသနည်း။

ကျွန်ုပ်တို့သည် အဆုပ်ကနေ၍အသက်ရှူသကဲ့သို့သမ္မာကျမ်းစာရှိသမျှသည်လည်း ဘုရားသခင်၏ စိတ်နှလုံးထဲမှ ထွက်လာ၏။ သမ္မာကျမ်းစာသည် ဘုရားသခင်မှုတ်သွင်းထားသော၊ စင်ကြယ်သော၊ သန့်ရှင်းသော၊ မှန်ကန်သောအရာဖြစ်၍ ထာဝရကာလအဘို့ ကျေးဇူးပြုတတ်၏။ အကြောင်းမှာ ထိုအရာတို့သည် ဘုရားသခင်နှင့်သူ၏ စိတ်နှလုံးထဲမှ လာသောအရာဖြစ်သောကြောင့်ပေတည်း။

*

## ၃။ သတိပြုပါ- ဘုရားသခင်ပေးတော်မူသော သားတော်

*"...ခမည်းတော်၏ ရင်ခွင်၌ ရှိသော တစ်ပါးတည်းသောသားတော်သည် ဘုရားသခင်ကို ထင်ရှားစေတော်မူပြီ။"*

ယော ၁း၁၈

ခရစ်တော်သည် နွားစားခွက်ထဲ၌ရှိသော ကလေးငယ်အဖြစ်နှင့်သာ ဘုရားသခင်ကို ကျွန်ုပ်တို့အား ထင်ရှားပြသည်မဟုတ်ဘဲ၊ ဘုန်းကြီးသော အရှင်သည် အောက်အရပ်သို့ ငုံ့ဆင်းလာသည့် အပြင် အံ့ဘွယ်ထင်ရှားစေ၏။ ချစ်မြတ်နိုးဘွယ်သော သူ၏အသက်တာအားဖြင့် အစေခံခြင်း၊ ကရုဏာထားခြင်း၊ အမှုတော်ဆောင်ရွက်ခြင်းစသည့်အမှု အားလုံး လက်ဝါးကပ်တိုင်ထက်၌ ပြီးပြည့်စုံသော အခါ **ဘုရားသခင်စိတ်တော်၏** စစ်မှန်သောသဘော သဘာဝကို ကျွန်ုပ်တို့ သာဓကသက်သေပြ၍ ကုန်လုံးပြည့်စုံစွာ ဖော်ပြနိုင်ပြီဖြစ်၏။

## သူ၏တစ်ပါးတည်းသောသားတော်

အပြစ်ကင်းခြင်း၊ အတုမဲ့ခြင်း၊ ထာဝရ တည်မြဲခြင်းရှိသောကြောင့် ခရစ်တော်သည် ထူးကဲသော ပုဂ္ဂိုလ်ဖြစ်သည်။ သူသည်ကျွန်ုပ်ကဲ့သို့ လူသားဖြစ်ငြားသော်လည်း ကျွန်ုပ်ကဲ့သို့သောသူ မဟုတ်ပါ။ သူ၏အထဲ၌ အတုမဲ့သောလှပခြင်းကိုတွေ့ပါသလား၊

(သို့) သာမန်လူသားတစ်ယောကလိုပဲ ဖြစ်ပါသလား။ နတ်ဆိုးတို့ကလည်း *"ကိုယ်တော်သည် အဘယ်သူဖြစ်သည်ကို အကျွန်ုပ်သိပါ၏။ ဘုရားသခင်၏ သန့်ရှင်းတော်မူသောသူဖြစ်ပါသည်ဟု "ကြီးသောအသံနှင့် ဟစ်ကြော်လေ၏"*

လု ၄း၃၄

*"တပါးတည်းသော"* (ရှင်ယောဟန်ခရစ်ဝင်ကျမ်း၌ ၅ ကြိမ်တွေ့ရသည်)ဟူသည့်ဝေါဟာရသည် ဖြစ်ပွားခြင်းနှင့် ဆက်နွယ်မှုမရှိဘဲ၊ ထာဝရသားတော်ဖြစ်ခြင်းနှင့် ဆက်နွယ်မှုရှိသည်။

ခရစ်တော်၌ ကြီးမြတ်ခြင်းအလုံးစုံ၊ ကောင်းမြတ်ခြင်းအလုံးစုံ၊ ပညာအလုံးစုံရှိ၏။
အခြားသော ကြီးမြတ်ခြင်းအားလုံးတို့သည် သေးငယ်ခြင်းအားဖြင့် ယိုယွင်းခြင်းခံခဲ့၏။
အခြားသော ကောင်းမြတ် ခြင်းအားလုံးတို့သည် မစုံလင်ခြင်း၌ ပျက်စီးရကြ၏။
အခြားသော ပညာအလုံးစုံတို့သည် မိုက်မဲခြင်း၌ပျက်စီးရကြ၏။

ခရစ်တော်သည် ပြည့်စုံသောလူသားဖြစ်ရုံမျှမဟုတ်၊ စုံလင်ခြင်းနှင့်ပြည့်ဝသောလူသားဖြစ်သည်။ လူသည်စုံလင်သော ကရုဏာစုံလင်သောနှိမ့်ချခြင်း၊ စုံလင်သော၊ နူးညံ့သိမ်မွေ့ခြင်း၊ စုံလင်သောဣန္ဒြေ၊ မစုံလင်သောကောင်းမြတ်ခြင်း၊ စုံလင်သောကျေးဇူးတော်နှင့်ချစ်ခြင်းမေတ္တာရှိသောသူဖြစ်သည်။

သူသည် လူသားစင်စစ်ဖြစ်သကဲ့သို့ ဘုရားသခင်စင်စစ်လည်းဖြစ်သည်။

*“အကြောင်းမူကား ငါတို့အဘို့ သူငယ်ကိုဘွားမြင်၏။ ငါတို့အား သားကို သနားတော်မူ၏ . . . ” ဟေရှာ ၉း၆*

*

## ၄။ သတိပြုပါ - ထိုစိတ်နှလုံးသည်ကြေကွဲခြင်း ရှိ၏။

ဤစကြဝဠာတွင် လောကီသားတို့၏ ဝိညာဉ် ကောင်းစားရေးကဲ့သို့ ဘုရားသခင်၏ သနားခြင်းကရုဏာတော်ကို ညှို့ယူနိုင်သောအရာ တစ်စုံတစ်ခုမျှ မရှိပါ။

* အပြစ်သည် ဘုရားသခင်၏ စိတ်နှလုံးကို ကြေမွစေ၏။
* အပြစ်သည် လူသားတို့၏ စိတ်နှလုံးကို မာကျောစေ၏။

ရှေးဦးစွာ ဘုရားသခင်သည် စိတ်နှလုံးကြေမွခြင်းရှိသောကြောင့် သူသည် ***စိတ်နှလုံးကျိုးပဲ့ကြေမွသောသူတို့နှင့်*** နီးတော်မူသည်ကို ကျွန်ုပ်တို့ကောင်းစွာ သိရှိမည်ဖြစ်သည်။

လု ၁၅ ၌ တွေ့ရသည့် ပျောက်သောသား၏ ဖခင်အကြောင်းကို စဉ်းစားကြည့်ပါ။

*"ထာဝရဘုရားသည် ကျိုးပဲ့သောစိတ်ရှိသောသူတို့နှင့် နှလုံးကြေကွဲသောသူတို့ကို နီးတော်မူ၏။ နောင်တရှိ၍ စိတ်နှိမ့်ချသောသူတို့ကိုလည်း ကယ်တင်တော်မူ၏။ " ဆာ ၃၄း ၁၈*

အဦးဆုံးသော ကျမ်းစာစောင်တွင် လူ၏ စိတ်နှလုံးနှင့် ဘုရားသခင်၏စိတ်နှလုံးတို့ကို ဖော်ပြထားသည်။ ထိုအရာကြောင့် ***"နှလုံးတော်ပူပန်လျက်ရှိ၏။ . . . . " က ၆း၆*** ။ ထိုအရာသည် ဘုရားသခင်၏ စိတ်နှလုံးကို နာကြင်စေ၏။ ဘုရားသခင်

သည် ချစ်ခြင်းမေတ္တာဖြစ်သောကြောင့် ခံစားမှုရှိသည်။ ***အမှုရောက်လေရာရာ၌ သူတို့ကိုငြင်းဆဲတော်မမူ၊ ဟေရှာ ၆၃း၉။*** မြေကြီး၏ ပူဆွေးသောကများနှင့် လူတို့၏ စိတ်ဝေဒနာများအတွက် ကောင်းကင်ဘုံထက် ပို၍ စိတ်နာကျင်ရာအရပ် မရှိတော့ပါ။ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်သည်ဟုဆိုရာတွင် စိတ်နာကျင်နိုင်ခြင်းလည်း ပါဝင်ပေသည်။ ချစ်ခြင်းမေတ္တာနှင့်နာခံခြင်းတို့သည် အပြန်အလှန်အားဖြင့် ဆက်နွယ်မှုရှိကြသည်။ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်လျှင် သူသည် နာကျင်ခြင်းရှိနိုင်တော်မူသည်။ အကယ်၍ နာကျင်ခြင်းမရှိလျှင်ချစ်ခြင်းမေတ္တာမဖြစ်လာနိုင်ပါ။ ဘုရားသခင်သည် ခရစ်တော်အထဲ၌ နာကျင်ခြင်း ဝေဒနာခံသောအားဖြင့် အပြစ်အတွက် အမျက်ပြေခြင်းကို ပေးဆပ်ခဲ့သည်။

***"ဘုရားသခင်သည် ခရစ်တော်အထဲ၌ ရှိနေလျက် --- ရန်ကို ငြိမ်းစေ၍ ကိုယ်တော်နှင့် မိဿဟာယဖွဲ့စေတော်မူ၏. . . "***

***၂ ကော ၅း၁၉***

မိတ်ဆွေ ဘုရားသခင်သည် လောကီသားအပေါင်းတို့ကို သူ၏စိတ်နှလုံးထဲသို့ ထည့်သွင်းကာ သူတို့၏ ပူဆွေးခြင်းသောကဝေဒနာထဲသို့ ဆင်းသက်၍ မျှဝေခံစားသည်ကိုရင်း၊ လေးလံသောဝန်ကို ထမ်း၍ ဝေဒနာခံခြင်းအားဖြင့် လမ်းပြသောအရှင်

ဖြစ်သည်ကိုရင်း၊ ကျွန်ုပ်တို့မြင်လျှင် ကျွန်ုပ်တို့ ပြဘူး သမျှတို့တွင် အမြင့်မြတ်ဆုံးသော တွေးတောသမျှပြု ခြင်းဖြစ်လိမ့်မည်။ နာခြင်းဝေဒနာခံစားသော ဘုရား သခင်စိတ်နှလုံး၏ ချစ်ခြင်းမေတ္တာသည် ကြီးမားလှ ပါတကား။

Dr. A .H. Strong က ဤသို့ဆိုထား သည်။ "ပေးဆပ်ခြင်းအမှုတွင် ဘုရားသခင် ချစ်ခြင်း မေတ္တာ၏ ထင်ရှားသောပြယုဂ်၊ ပူဆွေးသောက ရောက်နေသောအပြစ်သားများကို တွေ့မြင်ကာမျှ နှင့် ရောင့်ရဲခြင်းမရှိဘဲ အပြစ်သား၏ အပြစ်နွံထဲ သို့ ဆင်းသက်၍ သူ၏ အပြစ်ဒဏ်ကို ယူဆောင် သွားသော ချစ်ခြင်းမေတ္တာကို တွေ့ရသည်။"

ဤအရာသည် ပင်မဆင်ခြင်အသိဉာဏ်နှင့် ကြွယ်ဝသော ကောင်းကြီးမင်္ဂလာ ဖြစ်သောကြောင့် လေးလေးနက်နက် ကျွန်ုပ်တို့ ဆင်ခြင်တွေးတောသင့် ပေသည်။

*

## ၅။ သတိပြုရန် - လက်ဝါးကပ်တိုင် ရှေ့၌ ပေး တော်မူ၏။

လက်ဝါးကပ်တိုင်တော်အရိပ်ရှေ့၌ ပေးသော သူငယ်တော်ကို သတိပြုမိပါသလား။

ခရစ်တော်သည် အပြစ်နှင့် လုံးဝကင်းစင်သော အသက်တာနှင့် အသက်ရှင်၍ ကျွန်ုပ်တို့အား ပုံသက်သေကိုပေးရန် သက်သက်ဆင်းသက်ခဲ့သည် မဟုတ်ပါ။ ဤလောက၏ အပြစ်ကိုယူဆောင်သွားသော ဘုရားသခင်၏ သိုးသငယ်ကဲ့သို့အပြစ်အတွက် စုံလင်သည့်သတင်းအဖြစ် အသေခံရန် ကြွလာခဲ့၏။

ခရစ်တော်၏ လက်ဝါးကပ်တိုင်ကို ယုံကြည်ခြင်းအားဖြင့် ကြည့်မျှော်သောအခါ လောကီသားအားလုံးအတွက် ***ဘုရားသခင်၏စိတ်တော်*** မှ မိမိအလျှောက် သွန်းလောင်းသော ချစ်ခြင်းမေတ္တာကို ကျွန်ုပ်တို့ တွေ့မြင်ရပေသည်။ ကရာနီလက်ဝါးကပ်တိုင်တွင် အဆိုးဝါးဆုံးပြုမူကြသော လူများကို ကျွန်ုပ်တို့ တွေ့မြင်ရသည်။ ဘုရားသခင်သည် သူ့ထံမှ မျက်နှာလွှဲတော်မူ၏။

*"သာသနာပြုဆရာတစ်ယောက်သည် အိမ်သို့ပြန်လာ၍ အိုမင်းနေပြီဖြစ်သော တနင်္ဂနွေနေ့ ကျမ်းစာသင်ပေးသောဆရာ တစ်ယောက်ထံသို့ သွားရောက်လည်ပတ်သည့်အကြောင်းကို ပြောဆိုခဲ့သည်။ ထိုသူ*

*သည် နာကျင်လွန်း၍ စူးရှစွာအော်ဟစ်လေ၏။ "ထိုအမှုအားဖြင့် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို ဘယ်လိုတွေ့မြင်ရသလဲ" ဟူ၍ ငယ်ရွယ်သော သာသနာပြုဆရာက မေးမြန်းခဲ့သည်။ အိုမင်းသောဆရာက ပြန်ဖြေသည်မှာ ဘုရားသခင်၏ချစ်ခြင်း မေတ္တာကို ပတ်ဝန်းကျင်အဖြစ်အပျက်တို့၌ ရှာဖွေရန် မကြိုးစားပါလေနှင့်"ထိုသို့ တွေ့မြင်ရလောက်အောင် ကျွန်ုပ်တို့၌ အစွမ်းအစမရှိပါ။ ဘုရားသခင်သည် သူ၏ချစ်ခြင်း မေတ္တာကြီးမားစွာ ထင်ရှားစေသောအချက် တစ်ခုကို ကရာနီ၌ ပြသခဲ့သည်။ ထိုမျှမက ဘုရားသခင်၏ မေတ္တာကို ကျွန်ုပ်တို့ တဖန်အဘယ်သို့ တဖန်သံသယ ရှိကြလေဦးမည်နည်း" ပတ်ဝန်းကျင် အကြောင်းတရားများသည်တက်လိုက်ကျ လိုက်ဖြစ်ပျက်၏။ သို့ရာတွင် ကျွန်ုပ်တို့ သခင်ခရစ်တော် ယေရှုအားဖြင့်ရရှိသောဘုရားသခင်၏ ချစ်ခြင်းမေတ္တာနှင့်ကျွန်ုပ်တို့ကို အဘယ်အရာကမျှအလျှဉ်းပင်ခြားနားစေလိမ့်မည်မဟုတ်ပါ။*

***J.B.N.Jnr***

ဤအရာသည် ဒေဝိဥယျာဉ်ထဲ၌ စာတန်လှည့်ဖြားမှု၏ အဖြေဖြစ်သည်။ ထိုနေရာတွင် ဘုရားသခင်သည် သူ့ကိုမပေးဘဲ ဝှက်ထားသော ကောင်း

ကျိုးတစ်စုံတစ်ရာရှိသည်ဟု ဧဝကို လှည့်ဖြားနိုင်ခဲ့၏။ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို ယုံမှားသော ကြောင့်ရရှိသော ဝမ်းနည်းပူဆွေးခြင်း မျက်ရည်နှင့် သေခြင်းတို့ကား ဖော်ပြ၍မရနိုင်လောက်အောင် များပြားလှပေသည်။

သို့ရာတွင် ဒေင်ဥယျာဉ်၌ ထိုမျှလောက် သံသယဝင်၍ ယုံမှားခြင်းခံရသော ဘုရားသခင်၏ ချစ်ခြင်းမေတ္တာသည် ကရာနီ၌ သူ၏သားတော် ရင်းကို နှမြောခြင်းမရှိဘဲ (သန့်ရှင်းခြင်း၏ တောင်း ဆိုမှု) စွန့်လွှတ်သောအခါ မိမိအလျှောက်ထင်ရှား ခြင်းရှိလေသည်။ ကျွန်ုပ်တို့အားလုံးအဘို့ တမင် တကာရည်ရွယ်၍ သူ့ကို စေလွှတ်လေသည်။ (ဘုရား သည် ချစ်ခြင်းမေတ္တာတော်အားဖြင့် သူ့ကို ကျွန်ုပ်တို့ အားလုံးအတွက်ပေးအပ်တော်မူ၏)။ ရော ၈

ထိုကပ်တိုင်သည် လူသားတို့၏ လူမဆန် ခြင်း၊ ရက်စက်ကြမ်းကြုတ်ခြင်းနှင့် တရားမျှတမှုကင်း မဲ့ခြင်းတို့ကို ပြသသောအရာဖြစ်သည်။ သို့သော် ထိုကပ်တိုင်သည်ပင် သူ၏ သားတော်ကို နှမြောခြင်း မရှိဘဲ၊ ပေးအပ်သောအားဖြင့် အပြစ်တရားကို လုံးဝ ဖြေရှင်းလိုက်သော ဘုရားသခင်၏ မြင့်မြတ်သည့် ဖြောင့်မတ်ခြင်းကို ပြသသောအရာလည်းဖြစ်သည်။

***"ခရစ်တော်၏ လက်ဝါးကပ်တိုင်သည် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို လွန်စွာထင်ရှား စေသောသက်သေဖြစ်၏။"***

***Osucald Chembers.***

ယေရှုခရစ်တော်၏ စစ်ကြောခံရခြင်းနှင့် ကားစင်တင်ကွပ်မျက်ခံရခြင်းတို့သည် လူသားတို့၏ စိတ်နှလုံး ဆိုးညစ်မှုကို ထင်ရှားစေသကဲ့သို့ ဘုရားသခင့်ကရုဏာစိတ်နှလုံး၏ အံ့ဘွယ်သော ချစ်ခြင်းမေတ္တာကိုလည်း ထင်ရှားပြသလေသည်။ ပြစ်မှားသောအပြစ်ပွားများ၏။ *"သို့သော်လည်း အပြစ်ပွားများသည့်အရာမှာ ကျေးဇူးတော်သာ၍ ကြွယ်ဝ၏"*

*ရော ၅း၂၀*

*ခရစ်တော်၏ လက်ဝါးကပ်တိုင်ထက်၌*
*ကျွန်ုပ်အတွက်ဝေဒနာခံရသောသူ၏*
*အသေခံရသည့်ပုံရိပ်သဏ္ဍာန်ကို၊*
*ကျွန်ုပ်မြင်မိလေတိုင်း*
*ကျွန်ုပ်၏ကြေကွဲနေသောနှလုံးသားမှ*
*မျက်ရည်စက်လက်နှင့်၊ အံ့ဘွယ်သောအရာ*
*နှစ်ခုကိုကျွန်ုပ်ဝန်ခံလျှက်သားဖြစ်၏။*
*သူ၏ အံ့ဘွယ်သောချစ်ခြင်းမေတ္တာနှင့်*
*ကျွန်ုပ်ကိုယ်တိုင်သည် မထိုက်တန်ပါပေ။*

လက်ဝါးကပ်တိုင်၏ အကြောင်းရင်းနှင့် အဓိပ္ပါယ်ကို *ဘုရားသခင်၏ စိတ်နှလုံး*ထဲ၌ ဝှက်ထားခဲ့သော်လည်း ယခုတွင် ကျွန်ုပ်တို့အားဖော်ပြတော်မူ၏။ *"သားတော်အားဖြင့် ငါတို့သည် အသက်ရှင်စေခြင်းငှါ၊ဘုရားသခင်သည်တစ်ပါးတည်းသောသားတော်ကို ဤလောကသို့ စေလွှတ်တော်မူသောအရာ၌ ငါတို့ကို ချစ်တော်မူသောမေတ္တာတော်သည် ထင်ရှားလျက်ရှိ၏။"* ၁ယော ၄း၉

ခရစ်တော်၏ အသေခံပေးဆပ်တော်မူခြင်းသည် ဘုရားသခင့်ချစ်ခြင်းမေတ္တာ၏ ကြီးမားသောသက်သေဖြစ်သည်။

ဒေါက်တာဂျေ၊ ဒင်နီက ဤသို့ဆိုထား၏။

*အကယ်၍ အမျက်ပြေစေသော ခရစ်တော်၏အသေခံခြင်းကို ဘုရားသခင်၏ ချစ်ခြင်းမေတ္တာမှ ပယ်ရှားလိုက်လျှင် ဘုရားသခင်၏ချစ်ခြင်း မေတ္တာသည် လုံးဝအဓိပ္ပါယ်မရှိတော့ကြောင်း၊ ပြောဆိုရန်သင့်လျော်လိမ့်မည်မဟုတ်ပါ။ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာသည် အမှန်ပင် ခွာချခြင်းခံခဲ့ရ၏။ (ခရစ်တော်၏အသေခံခြင်း စာ ၂၇၆)*

ခရစ်တော်အသေခံသောကြောင့် ဘုရားသခင်သည် အပြစ်သားများအပေါင်းတို့ကို ချစ်တော်မူသည်မဟုတ်၊ ဘုရားသခင်သည် ထိုသူအပေါင်းတို့ကို ချစ်သောကြောင့် ခရစ်တော် အသေခံခဲ့ခြင်းဖြစ်သည်ကို တဖန်ထပ်မံ၍ ဖော်ပြသင့်ပေသည်။ "ဘုရားသခင်၏ ချစ်ခြင်းမေတ္တာလက်လှမ်းမမှီနိုင်ရာ အရပ်၌ အဘယ်သူမျှ မရှိနိုင်ပါ။

* * * * *

# ရုပ်ပုံ (၃)



CHRISTIAN BOOK ROOM
P.O. Box 95413
Tsim Sha Tsui, Kowloon
Hong Kong S.A.R. of CHINA

(၃) ပုံညွှန်း ။ ဘုရားသခင်၏ ကတိတော်
" . . . ယုံကြည်သူအပေါင်းတို့သည် ပျက်စီးခြင်းသို့
မရောက်စေခြင်းငှါ . . . "

THE HEART OF GOD
All rights reserved

ရှုပ်ပုံ(၃)

## ဘုရားသခင်၏ ကတိတော်

## ပဋိညာဉ်

*"... ယုံကြည်သူအပေါင်းတို့သည် ပျက်စီးခြင်းသို့ မရောက်စေခြင်းငှါ ..."*

*ယော ၃း၁၆*

*

(ဤရှုပ်ပုံသည် စိတ်တော်ကို သရုပ်ဖော်ထား၏ ... ကျွန်ုပ်တို့၏အပိုင်းမှာ ယုံကြည်ခြင်းနှင့် နောင်တရခြင်းဖြင့် ဘုရားသခင်ထံ ချဉ်းကပ်ရန်ဖြစ်သည်။)

**၁။ သတိပြုရန် - ဒဏ်ချက်များနှင့်အသွေးတော်**

အပြစ်၏အခကို ပေးဆပ်ရမည်ဖြစ်ပြီး ခရစ်တော်သည် လူတိုင်းအတွက် ထိုအမှုကို ပြီးစီးခဲ့ပြီဖြစ်သည်။

ဘုရားသခင်၏ သိုးသငယ်သည်လူအပေါင်းတို့၏အပြစ်ကို ယူဆောင်သွားခဲ့သည်ဖြစ်သောကြောင့် လူအပေါင်းတို့သည် ထာဝရအသက်ကို ရရှိကြပါသလား။ မရပါ။ ထိုဝေဒနာခံခြင်းအမှု၏ အကျိုးရလဒ်သည် *"သူ့ကိုယုံကြည်သောသူများ"* အတွက်သာဖြစ်သည်။

*"အသွေးမသွန်းလောင်းဘဲ အပြစ်လွှတ်ခြင်းမရှိ"* *ဟေဗြဲ ၉း၂၂*

*"ဘုရားသခင်၏ သားတော်ယေရှုခရစ်၏ အသွေးတော်သည် ငါတို့အပြစ်ရှိသမျှကို ဆေးကြော တော်မူ၏။. . . ၁ ယော ၁း၇။*
*". . . ထိုအသွေးကို ငါမြင်သောအခါ အသင်တို့ကို ငါလွှန်သွားမည်" ထွ၁၂း၁၃*

ပုံသက်သေအလို့ငှါ ကျွန်ုပ်တို့ရှေ့၌ ချထားသောသူ၏ အပြစ်ကင်းစင်သော အသက်တာသည် ဘုရားသခင်စိတ်ကို အလွန်တရာကြည်နူးစေ၏။ သူ၏ အသေခံခြင်းသည် တလောကလုံးရှိ အပြစ်သားများအတွက်ဖြစ်သကဲ့သို့ ခပ်သိမ်းသောသူတို့ အတွက် ပူဇော်သော ယဇ်လည်းဖြစ်ပေသည်။ သူ၏ အသွေးသည် ကျွန်ုပ်တို့ကိုယ်စီ၏ အပြစ်ဆေးကြောရာဖြစ်သောကြောင့် မိမိအပြစ်များကို ခွင့်လွှတ်၍ အဝေးသို့ လွှင့်စင်သွားစေခြင်းအလို့ငှါ လက်ခံရမည်ဖြစ်သည်။

အရှက်တကွဲအကျိုးနည်းခြင်းခံရသော သူ၏ ကပ်တိုင်သည် အပြစ်၏ ကြောက်မက်ဖွယ် ဆိုးရွားခြင်းကြောင့်ဖြစ်၍ အပြစ်၏အထင်အရှား စီရင်ခြင်းခံရန် လိုအပ်မှုကို ပြသသည်။ အသွေးတော်၊ ယဇ်ကောင်၏ သွေးထွက်သံယိုမှုနှင့် မနှစ်မြို့ဘွယ်ကောင်းခြင်း၊ သေခြင်းစသည်တို့၏ နက်နဲမှုသည် များစွာ

သော သူတို့အတွက် နားလည်ရန် လွန်စွာခက်ခဲပေသည်။ သို့သော်လည်း ယေရှုခရစ်၏ အသွေးတော်တစ်ပါးတည်းသာ ခပ်သိမ်းသောအပြစ်တို့ကို ဆေးကြောနိုင်သည်။ အပြစ်လွှတ်ခြင်း၌ အသွေးသွန်းခြင်းနှင့် ယဇ်ကောင်ကို အလိုရှိသော ဘုရားသခင်သည် မေတ္တာကရုဏာနှင့် အဘယ်သို့ ဆိုင်လိမ့်မည်နည်းဟု ပြောဆိုသူများလည်းရှိသည်။ ထိုသို့မဟုတ်ပါ။ အဘိုးအခပေးဆပ်ရန်လိုအပ်သောအရာမှာ အပြစ်သာဖြစ်သည်။

***"အသွေးမသွန်းလောင်းဘဲ အပြစ်လွှတ်ခြင်းမရှိ" ဟေဗြဲ ၉း၂၂***

သူ၏ အသွေးတော်အားဖြင့် ရွေးနုတ်ခြင်းနှင့် အပြစ်လွှတ်ခြင်းကျေးဇူးကို ကျွန်ုပ်တို့ရရှိကြသည်။ ကပ်တိုင်ထက်၌ သွန်းသောအသွေးတော်သည် ရန်ငြိမ်းခြင်းအကြောင်း ဖြစ်သည်။ ၈ ၂

*

ကောင်းကင်မြို့တော်၏ တံခါးပေါက် ၁၂ ခုကို ပုလဲဖြင့်စီခြယ်ထားသည်။ (နံဘေးတော်ဒဏ်ချက်၏အကျိုးကျေးဇူး) ထို့ကြောင့် ကျွန်ုပ်တို့သခင်ယေရှုခရစ်တည်းဟူသော ကယ်တင်ရှင်၏ နံဘေးတော်ဒဏ်ချက်အားဖြင့် ကောင်းကင်ဘုံသည် ကျွန်ုပ်တို့အတွက် ဖွင့်လှစ်လျက်ရှိသည်။

ကယ်တင်ရှင်၏နံဘေးကို ထိုးဖောက်သောလှံ၏ လုပ်ဆောင်ချက်ကို ရှင်းလင်းရန် မေးမြန်းကြသောအခါ အကောင်းဆုံးသောအဖြေမှာ "ကယ်

တင်ရှင်၏ နံဘေးကို ထိုးဖောက်ခြင်းအားဖြင့် **ဘုရားသခင်၏ စိတ်နှလုံးသို့** ရောက်သောလမ်းမကို ပွင့်စေခဲ့သည်"ဟူ၍ ဖြစ်သည်။

## ၂။ သတိပြုရန် - လောကီသားများ၏ကျိုးပဲ့ကြေမွသောစိတ်နှလုံး

### ဘုရားသခင်ထံနောင်တရခြင်း

ယေရှုခရစ်၏ ပေးဆပ်ခြင်းအမှုကြောင့် အပြစ်သားသည် နောင်တရ ရမည်ဖြစ်သည်။ သူသည် ထိုအမှုကို ယခုပင်ပြုလုပ်ရန် တိုက်တွန်းရုံသာမကဘဲ ထိုသို့ပြုရန် အမိန့်တော်ရှိသည်။ *တ ၁၇း၃၀*

နောင်တရခြင်းမှာ ကျွန်ုပ်တို့သည် ပြစ်မှားခဲ့သောသူများဖြစ်ကြောင်းသာမက ဘုရားသခင်သည် ဖြောင့်မတ်တော်မူကြောင်းကို ဝန်ခံခြင်းဖြစ်သည်။ သူ၏ ဖြောင့်မတ်ခြင်းသည် ရှေးအခါကပင် ထင်ရှားသော်လည်း ကျွန်ုပ်တို့မသိရှိကြခြင်းသာဖြစ်သည်။

***ဘုရားသခင်နှစ်သက်တော်မူသောယဇ်မူကား၊ ကျိုးပဲ့သောစိတ်ပေတည်း။ အိုဘုရားသခင်ကိုယ်တော်သည် ကျိုးပဲ့ကြေမွသောနှလုံးကို ငြင်းပယ်တော်မမူတတ်ပါ။ ဆာ ၅၁း၁၇***

အရပ်ရပ်၌ရှိသော လူသားအပေါင်းတို့သည်ရင်းတို့၏မယုံကြည်ခြင်းနှင့်အပြစ်များအတွက် ဘုရားသခင်ထံ နောင်တရကြလိမ့်မည်။

ခရစ်တော်၏ ပထမဦးဆုံးတရားဒေသနာတွင် ဟေရှာ ၆၁း၁ ကို ကိုးကား၍ သူသည် ကျိုးပဲ့ကြေမွသောသူတို့၏ အနာကို ငြိမ်းစေခြင်းငှါ ကြွလာတော်မူကြောင်း ပြောဆိုခဲ့သည်။ *"... နှလုံးကြေကွဲသောသူတို့၏ အနာကို စည်းစေခြင်းငှါ၎င်း၊ ဘမ်းသွားချုပ်ထားလျက်ရှိသောသူတို့အား၊ လွတ်ခြင်းအကြောင်းနှင့် အကျဉ်းခံလျက်ရှိသောသူတို့အား ထောင်တံခါးဖွင့်ခြင်းအကြောင်းကို ပြစေခြင်းငှါ၎င်း၊ ... "ဟေရှာ၆၁း၁။*

*သူသည် "မိမိအသက်ကိုစွန့်၍ လူများကို ရွေးခြင်းငှါ"* ကြွလာခဲ့သည်။ မာ ၁၀း၄၅။

ကျွန်ုပ်တို့ပြစ်မှားသည့်ကြားထဲ၌ ဘုရားသခင်သည် သူ၏ ချစ်ခြင်းမေတ္တာကို မည်သို့ ပြသခဲ့သည်ကို ကျွန်ုပ်တို့နှလုံးသား၏ စေ့ဆော်လမ်းညွှန်မှုအားဖြင့် သိရကြ၏။

ဆာ ၅၁ တွင် ဒါဝိဒ်သည် ဘုရားသခင်၏ ချစ်ခြင်းကရုဏာတော်ကို အမှီပြု၍ ဘုရားသခင်ကို ချဉ်းကပ်ခဲ့သည်။ (အပိုဒ် ၁ ကို ကြည့်ပါ)။ ဒါဝိဒ်သည် ထိုသို့ဖြင့် မိမိစိတ်နှလုံး ကျိုးပဲ့ကြေမွသည့်တိုင် ဘုရားသခင်ကို တောင်းလျှောက်သောအခါ ငြင်းပယ်တော်မူခြင်းကို မခံရပါ။ စိတ်နှလုံးသည် ကျိုးပဲ့သွားသောအခါ၌ အမွန်မြတ်ဆုံးဖြစ်လာသည်။ အလိုအပ်ဆုံးသောအရာမှာ ကျိုးပဲ့ကြေမွသော စိတ်နှလုံးပင်ဖြစ်သည်။

***S.E Elphick***

"ဘုရားသခင်၏စိတ်ကို ကြေမွစေသော အရာအားဖြင့် ငါ့စိတ်နှလုံးသည်လည်းကျိုးပဲ့ကြေမွ ခြင်းရှိပစေ" ဟူ၍ ပြောဆိုသောသူကို တစ်ခါက ကျွန်ုပ်ကြားခဲ့ဘူးသည်။ ဘုရားသခင်သည် သူ၏ စကားအတိုင်း ထိုသူ၌ဖြစ်စေခဲ့သည်။ သူ၏ စိတ်နှလုံးသည် အမှန်တကယ် ကျိုးပဲ့ကြေမွခြင်း ရှိသည်ဖြစ်၍ သူသည် ***ဘုရားသခင်စိတ်နှလုံး*** ကိုယ်စားပြုသူ ကဲ့သို့ကမ္ဘာအနှံ့သို့တိုင်အောင် ကြီးမားမြင့်မြတ်သောအမှုတော်လုပ်ငန်းကို လုပ်ဆောင်နိုင်ခဲ့သည်။

***"ငါတို့အားပေးတော်မူသော သန့်ရှင်း သော ဝိညာဉ်တော်သည် ဘုရားသခင်၏မေတ္တာ တော်ကို ငါတို့စိတ်နှလုံးထဲသို့ သွန်းလောင်းတော်မူ ၏"***                ***ရော ၅:၅***

***"ဘုရားသခင်ကို ချစ်စေခြင်းငှါလည်း၊ ခရစ် တော်၏နည်းတူ သည်းခံစေခြင်းငှါလည်း၊ ဘုရားသခင် သည်သင်တို့စိတ်နှလုံးကို ပြင်ဆင်တော်မူပါစေ သော။"***                ***၂ သက် ၃:၅***

ဘုရားသခင်၏ မေတ္တာကို မြင်တွေ့နိုင်ရန် သခင်ဘုရား၏ လမ်းပြခြင်းကို ကျွန်ုပ်တို့လိုအပ် လျက်ရှိသည်။ အကြောင်းမှာ ကျွန်ုပ်တို့ကိုယ်တိုင် ရှာဖွေခြင်းအားဖြင့် ထိုအရာကို မတွေ့နိုင်ပါ။ သူ၏ စိတ်နှလုံးထဲ၌ရှိသော မြဲမြံသောကျေးဇူးတော်နှင့် ကောင်းမြတ်ခြင်းကို ကျွန်ုပ်တို့အား ပေးအပ်လျက်

ရှိသည်ဖြစ်၍ ကျွန်ုပ်တို့မှားယွင်းခဲ့သမျှကိုသာမက အစဉ်ဆက်မပြတ် ဖြောင့်မတ်တော်မူသည်ကို ဝန်ခံစေခြင်းငှါ ဘုရားသခင်၏ ကျေးဇူးတော်သည် ကျွန်ုပ်တို့ကို လမ်းပြတော်မူလိမ့်မည်။

ထိုအရာသည်ဘုရားသခင်၌
နောင်တရခြင်းဖြစ်၏။

*

## ၃။ သတိပြုရန် - လက်ဝါးကပ်တိုင်ကိုဖက်တွယ် ထားသောလက်များ

## သခင်ယေရှုခရစ်တော်ကို ယုံကြည်ခြင်း

ကျွန်ုပ်သည် မည်သည့်အချိန်က အဘယ်သို့သောအားဖြင့် ဘုရားသခင်၏သားဖြစ်လာသနည်း။ ဘုရားသခင်ထံ၌နောင်တရ၍သခင်ယေရှုခရစ်တော်ကို ယုံကြည်သောအချိန်မှစ၍ ဖြစ်ပါသည်။ ကျွန်ုပ်တို့စိတ်နှလုံးထဲတွင် "တုန့်ပြန်မှု စွမ်းရည်"ရှိသည်။ ထာဝရအသက်သည်လက်ဆောင်ဖြစ်သော်လည်း ကျွန်ုပ်တို့သည် နောင်တရ၍ ယုံ ကြည်သောအားဖြင့်သာ ထိုထာဝရအသက်ကို ပိုင် ဆိုင်နိုင်သည်။

ကြီးမြတ်၍ ထင်ရှားသော ဘုရားသခင်၏နှလုံးသားမေတ္တာသို့ ယုံကြည်သူအယောက်တိုင်းပြန်ကြားလျှောက်ထားအပ်သောအရာမှာ သူ၏ချစ်ခြင်းမေတ္တာကို ကျွန်ုပ်တို့စိတ်နှလုံးအကြွင်းမဲ့ယုံကြည်ကြပါ၏ဟူ၍ဖြစ်သည်။ ဘုရားသခင်၏မထိုက်တန်သော အကြွင်းမဲ့သောချစ်ခြင်းမေတ္တာ ကိုရရှိခြင်းငှါ အကြွင်းမဲ့သောယုံကြည်ခြင်းလိုအပ်သည်မှာ ထင်ရှား၏။ ထို့နောက်တွင် စိတ်နှလုံးရှိသည့်အတိုင်း လိုက်လျှောက်လာကြမည်ဖြစ်သည်။

ကျွန်ုပ်တို့၏တာဝန်မှာ ထိုတုန္ရှိုင်း၍မရသောမေတ္တာကို ယုံကြည်ခြင်းအားဖြင့် တုန့်ပြန်ရန်

သာဖြစ်သည်။ မိတ်ဆွေ ထိုအရာကို မပျက်ကွက်ပါနဲ့။ မထိမဲ့မြင်မပြုပါနဲ့၊ မငြင်းပယ်ပါနှင့်။

သားတော်ကို ရှိသေသောသူတို့ကို ခမည်းတော်သည် ဝန်ခံတော်မူလိမ့်မည်။ အကြောင်းမှာ ***"လူအပေါင်းတို့သည် ခမည်းတော်ကို ရိုသေသည့်နည်းတူ သားတော်ကိုလည်း ရိုသေစေမည်အကြောင်း---"***

ယော ၅း၂၂-၂၃

သားတော်ကို ရိုသေဦးညွှတ်ခြင်းမရှိသောသူများကို ဘုရားသခင်လက်ခံတော်မူလိမ့်မည်ဟု အမှန်ပင်စိတ်ကူး၍ မရပါ။ ***"သားတော်ကို မရိုသေသောသူမူကား ခမည်းတော်ကို မရိုသေသောသူဖြစ်၏. . . "ယော ၅း၂၃*** သည် ဘုရားသခင် နှုတ်ကပတ်တော်၏ ရှင်းလင်းရာ ရိုးစင်းသောအချက် ဖြစ်သည်။

လူအနည်းငယ်သာ တွေ့ကြသည့်ကျဉ်းသောလမ်းသည် ခရစ်တော်အသေခံရာ ကပ်တိုင်လမ်းဖြစ်သည်။ များစွာသောသူတို့အတွက် လက်ဝါးကပ်တိုင်၊ အသေခံခြင်းနှင့် အသွေးတော်တို့သည် ကြီးစွာသောထိမိ၍ လဲစရာဖြစ်၏။

အနည်းငယ်တို့သာ ကယ်တင်ခြင်းရရှိကြ၍ များစွာသောသူတို့သည် ပျောက်ဆုံးလျက်ရှိကြ၏။ သခင်ဘုရားကိုယ်တိုင်က ဤသို့မိန့်တော်မူခဲ့၏။ . . . ***"ပျက်စီးခြင်းသို့ရောက်သောလမ်းနှင့်တံခါးသည် ကျယ်ဝန်းသည်ဖြစ်၍ ဝင်သောသူတို့သည်များကြ၏။***

*အသက်ရှင်ခြင်းသို့ ရောက်သောလမ်းနှင့်တံခါးသည် အလွန်ကျဉ်းမြောင်းသည်ဖြစ်၍ တွေ့ဝင်သောသူတို့သည် နည်းကြ၏။ မ ၇း၁၃-၁၄*

ခရစ်တော်ကို ယုံကြည်သည်ဟုဆိုရာတွင် ကျွန်ုပ်တို့အပြစ်များကြောင့် ဝေဒနာခံရသော ကျွန်ုပ်တို့ ကျွန်ုပ်အပြစ်နှင့် ထိုက်တန်သော ဘုရားသခင်၏ စီရင်ခြင်းကို ခံရသောကြောင့် လက်ဝါးကပ်တိုင်၌ ရိုက်နှက်သဖြင့် အသွေးသွန်း၍ အသေခံရှာသော ခရစ်တော်ကို ကြည့်မြင်ခြင်းတို့ပါဝင်သည်။ ဆိုလိုသည်မှာ ***"သူသည် ကျွန်ုပ်အပြစ်အတွက် အသေခံ၏။"*** ဟူ၍သိမြင်ပြောဆိုခြင်းဖြစ်သည်။

ကျွန်ုပ်တို့အပြစ်အတွက် လက်ဝါးကပ်တိုင်ထက်၌ ခရစ်တော်၏ အသေခံခြင်းအမှုကို ဆုပ်ကိုင်ခြင်းသည် ကယ်တင်ခြင်းသို့ ရောက်သည်။ ရိုးစင်းစွာ ယုံကြည်ခြင်းကို ဆိုလို၏။

ကျွန်ုပ်အပြစ်သည် ဆိုးရွားလှသောကြောင့် ကွပ်မျက်ခြင်းခံရာ ထိုကပ်တိုင်၌ အထင်အရှား စီရင်ခြင်းခံရမည်ဖြစ်သည်။ ထိုနေရာတွင် ဖုံးကွယ်ခြင်းမရှိ၊ လျှို့ဝှက်ခြင်းမရှိ ထို့ထက် အရှက်ကွဲခြင်း၊လှစ်ဟထုတ်ဖော်ခြင်းနှင့်သမ္မာတရားသာရှိသည်။ ယခု ကျွန်ုပ်ယုံကြည်သည်မှာ ခရစ်တော်သည် ထိုလက်ဝါးကပ်တိုင်ပေါ်တွင် ကျွန်ုပ်အတွက် အသေခံတော်မူသောအားဖြင့် အပြစ်သား ကျွန်ုပ်ကိုထာဝရကယ်တင်တော်မူ၏ ဟူ၍ဖြစ်သည်။

*

ကျွန်ုပ်တို့အားလုံးသည် တစ်စုံတစ်ခု(သို့) တစ်စုံတစ်ယောက်ကိုတော့ ယုံကြည်ကြစမြဲ ဖြစ်သည်။ ယုံကြည်သူတစ်ယောက်အား ခရစ်တော်၌ရှိသော ယုံကြည်ခြင်းကို မည်သည့်အရာက ခြားနားစေသနည်း။

ကယ်တင်ခြင်းရရှိစေသောအရာမှာ ဘုရားသခင်၏ ကျေးဇူးတော်နှင့် ကြီးစွာသော ကယ်တင်တော်မူခြင်းတို့ ဖြစ်သော်လည်း ထိုအရာကို ခရစ်တော်အား အမှန်တကယ် ယုံကြည်စိတ်ချခြင်းဖြင့်သာ ရရှိနိုင်သည်. . . *"ယုံကြည်သောအားဖြင့်ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ ရောက်ရ၏။ ကိုယ်လိုအလျောက်ရောက်သည်မဟုတ်။ ဘုရားသခင်သနားတော်မူရာ ဖြစ်သတည်း၊"* **ဧ ၂း၈**

ဤအရာသည် စိတ်နှလုံးဖြင့် ယုံကြည်ခြင်းဖြစ်သည်။ ဦးနှောက်နှင့်သိရှိခြင်းမဟုတ်ပါ။ ***အဘယ်သို့နည်းဟူမူကား သင်သည် သခင်ယေရှုကို နှုတ်ဖြင့်ဝန်ခံ၍ ဘုရားသခင်သည် သူ့ကိုသေခြင်းမှထမြောက်စေတော်မူပြီဟု စိတ်နှလုံးထဲ၌ ယုံကြည်လျှင်ကယ်တင်ခြင်းသို့ရောက်လိမ့်မည်။" ရော ၁၀း၉***

ဤအရာသည် ဘုရားသခင်ကို ယုံကြည်ခြင်း၊ သူ၏နှုတ်ကပတ်တော်ကို ယုံကြည်ခြင်းနှင့် သခင်ယေရှုခရစ်တည်းဟူသော ကျွန်ုပ်တို့၏ ကယ်တင်ရှင်ကို ယုံကြည်ခြင်းအားဖြင့်ဖြစ်သော ကယ်တင်ခြင်းရရှိစေသော ယုံကြည်ခြင်းဖြစ်သည်။

နေ့စဉ်အသက်တာတွင် ယုံကြည်ခြင်းအား ဖြင့် လျှောက်လှမ်းရန် ဘုရားသခင်၌ သက်ဝင်၍ နေ့စဉ် ယုံကြည်ခြင်းထားရှိရန်လည်း လိုအပ်သည်။

ဘုရားသခင်ကို ယုံကြည်ခြင်းသည် ယုံနိုင်ဘွယ်မရှိသောအရာတို့ကို ယုံကြည်ခြင်းဖြစ်၏။ မထင်ရှားသောအရှုပအရာတို့ကိုတွေ့မြင်ခြင်းဖြစ်၏။ မြင်နိုင်ချေမရှိသောအရာတို့ကို ရယူခြင်းဖြစ်၏။

ထိုသို့သောယုံကြည်ခြင်းမရှိလျှင် ဘုရားသခင်၏ စိတ်နှလုံးကို မနှစ်သက်စေနိုင်ပါ။ *"ယုံကြည်ခြင်းမရှိလျှင် ဘုရားသခင်၏ စိတ်တော်နှင့် မတွေ့နိုင်။ အကြောင်းမူကား ဘုရားသခင့်အထံတော်သို့ ချဉ်းကပ်သောသူသည် ဘုရားသခင်ရှိတော်မူသည်ကိုငှ်း၊ ကိုယ်တော်ကို ရှာသောသူအား အကျိုးပေးတော်မူသည်ကိုငှ်း၊ ယုံကြည်ရမည်။"*

*ဟေဗြဲ ၁၁း၆*

ဘုရားသခင်သည် လူ့စိတ်နှလုံးကို ရယူလိုသောအခါ နူးညံ့သိမ်မွေ့ပျော့ပြောင်းသော နည်းလမ်းကိုသာ အသုံးပြုသည်။

လူသားများအား ဘယ်သောအခါမှအတင်းအဓမ္မဖြင့် တပည့်တော်မဖြစ်စေပါ။ လူတို့စိတ်နှလုံး၏ အမှန်အမြတ်ထားသော အရာကို ဘယ်သောအခါမှ စိတ်ဆန္ဒအတိုင်း ချိုးဖျက်တော်မမူပါ။ သူသည် သက်ဦးဆံပိုင်သမားမဟုတ်ပါ။

စိတ်ဝိညာဉ်ကယ်တင်ခြင်း မရမီတွင် စိတ်နှလုံး

သာမက ဦးခေါင်းအားဖြင့်လည်း သိမြင်ကာ ဆန္ဒသဘောတူညီမှုကို ပေးအပ်ရမည် ဖြစ်သည်။

ယုံကြည်ခြင်းအတွက် ခန္ဓာစိတ်၊ ဝိညာဉ်အား လုံးလိုအပ်၏။

ကျွန်ုပ်တို့သည် စိတ်လှုပ်ရှားမှုကို ရှုတ်ချသော အခါ သာလွန်ရင့်ကျက်ကြ၍မဟုတ်၊ အသိ ဉာဏ်နည်းကြ၍ ဖြစ်သည်။

အရာခပ်သိမ်းနီးပါးတွင် ကျွန်ုပ်တို့သည် ဦးခေါင်း အသိထက် စိတ်နှလုံးအားဖြင့် အသက် ရှင်ကြ၏။ လူသည် မိမိနှလုံး၌ တွေးထင်သည့် အတိုင်း ဖြစ်၏။

**အမည်မသိ**

**ဝေါ်လေလီဆရာတစ်ပါး**

* * * * *

## ရှင်ယောဟန် ခရစ်ဝင်ကျမ်း ၃း၁၆

ဘုရားသခင်၊ ကောင်းကင်မြေကြီးကို အစိုးရသောအရှင်သည် အလွန်ချစ်တော်မူသောကြောင့် **လောကီသားအပေါင်းတို့**ကို အပြစ်နှင့် မိုက်မဲသောပျော်ရွှင်ခြင်းမှ လွတ်မြောက် စေခြင်းငှါ သူ၌ရှိသော အကြီးမားဆုံးသော လက်ဆောင်တည်းဟူသော **တစ်ပါးတည်းသောသားတော်**ကို ကျွန်ုပ်တို့၏ ကိုယ်စားယူစေရန် **ပေးတော်မူသည်ဖြစ်၍** ယုံကြည်**သောသအပေါင်းတို့**သည် (အံ့ဘွယ်သောကျေးဇူးတော်) သူ့အား (ဖြောင့်မတ်တော်မူသောသူ) ရိုးစင်းစွာ ယုံကြည်ရုံကာမျှဖြင့်၊ **ပျက်စီးခြင်းသို့** မရောက်ဘဲ (အပြစ်နွံမနစ်ဘဲ) သူ၌ရှိသော **ထာဝရအသက်**ကို ရလိမ့်မည်။

* * * * *

# ရုပ်ပုံ (၄)



(၄) ဘုန်းတော် ፡ ဘုရားသခင်၏ ဘုန်းတော်

“ . . . ထာဝရအသက်ကို ရစေခြင်းငှါ ”

CHRISTIAN BOOK ROOM
P.O. Box 95413
Tsim Sha Tsui, Kowloon
Hong Kong S.A.R. of CHINA

THE HEART OF GOD
All rights reserved.

## ရှုပ်ပုံ (၄)

# ဘုရားသခင်၏ဘုန်းတော်
# ဘုန်းတော်

*"....ထာဝရအသက်ကို ရစေခြင်းငှါ"*
*ယော ၃း၁၆*

*

(ဤရုပ်ပုံသည် ဘုရားသခင်၏ ဘုန်းတော်ကို သရုပ်ဖော်ထားသည်။ ဘုရားသခင်၏ လက်ဆောင် ထာဝရအသက်နှင့် ယုံကြည်သူအတွက် ခပ်သိမ်းသောအရာတို့၏ ကြီးမားမြင့်မြတ်သော ရလဒ်)

**၁။ သတိပြုရန် - ဘုန်းတော်နှင့်ထာဝရအသက်**

ထာဝရအသက်သည် ဘုရားသခင် ပေးတော်မူသော အသစ်သော အသက်ဖြစ်၏။ ထိုအရာသည် ဖော်ပြချက်တစ်ခုမျှသာ မဟုတ်။ ယခင်ကမပိုင်ဆိုင်ဘူးသော စစ်မှန်သော အသက်ကို ရရှိခြင်းဖြစ်သည်။

ထာဝရအသက်၊ ထာဝရတည်ရှိခြင်းကို နိစ္စသဘောတရားတို့နှင့် မရောထွေးစေရန် သတိပြုရမည်။ ကောင်းကင်တမန်တို့သည် ထာဝရတည်ရှိ

ကြသည်။ ဖန်ဆင်းထားသောလူသားများအားလုံး လူသားများ၏ စိတ်ဝိညာဉ်သည် ထာဝရသုခချမ်းသာထဲ၌(သို့) ထာဝရအမင်္ဂလာထဲ၌ ထာဝရအသက်ရှင် တည်ရှိရမည်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ၊ ဝိညာဉ်သည် ထာဝရတည်ရှိ၏။ သို့ရာတွင် ထာဝရ တည်ရှိခြင်းနှင့် ထာဝရအသက်သည် ထာဝရတည် ရှိ၏။ သို့ရာတွင် ထာဝရတည်ရှိခြင်းနှင့် ***ထာဝရ အသက်***တို့၏ အရည်အသွေးသည် လုံးဝဥသုံကွဲ ပြားခြားနားသောအရာ နှစ်ခုဖြစ်၏။

- လူသည် ခန္ဓာကိုယ်ကို သတ်နိုင်သော်လည်း၊ ဝိညာဉ်ကို မသတ်နိုင်ပါ။ အကြောင်းမှာ ထိုအရာသည် ထာဝရနိစ္စရှင်သန်သောအရာဖြစ်သည်။ ***မ ၁၀း၂၈***
- ထာဝရအသက်သည် ယုံကြည်သူအားလုံးတို့၌အမှန်တကယ်တည်ရှိသောအရာဖြစ်သည်။ ***ယော ၃း၁၅၊ ၃း၃၆၊ ၄း၁၄၊ ၅း၄၀။***
- လူသည် ထိုထာဝရအသက်ကို သဘာဝအလျောက် ပိုင်ဆိုင်မထားပါ။ ***ယော ၆း၅၃၊ ၈ ၂း၁။***

ခရစ်တော်သည် ထာဝရအသက်၏ အနှစ်ဖြစ်သည်။

*ခရစ်တော်ကို ယုံကြည်ခြင်းဆိုသည်မှာ သူ့ကို လက်တွေ့ပိုင်ဆိုင် ရရှိခြင်းဖြစ်သည်။*

ခရစ်တော်ကို ပိုင်ဆိုင်သည်ဆိုရာ၌ ထာဝရအသက်ကို ပိုင်ဆိုင်ခြင်းဖြစ်သည်။

*ထာဝရအသက်သည် သူ့ထဲမှ သက်ရောက်လာသောအရာသက်သက်မျှမဟုတ်။ သူ၏အထဲ၌ရှိသော အရာဖြစ်၏။ ဤအရာသည် သူ့နှင့်အတူခွဲခြား၍ ကွာခြားစေ၍ မရသောအရာဖြစ်၍ ဆက်စပ်မှုအရည်အသွေးနှင့်တည်တံ့မှုတို့တွင်လည်း တူညီမှု ရှိရမည်။ "ဘုရားသခင်သည် ငါတို့အား ထာဝရအသက်ကို ပေးတော်မူ၍ ထိုအသက်သည်လည်း သားတော်၌ရှိပါ၏။ သားတော်ကို ရသောသူသည် အသက်ကိုရ၏။ ဘုရားသခင်၏သားတော်ကို မရသောသူမူကား အသက်ကိုမရ" ၁ယော ၅:၁၁-၁၂။*

*ပီ-အေ-ဘီ*

*"သူ့ကို ယုံကြည်သောသူအပေါင်းတို့သည် . . . ထာဝရအသက်ကိုရကြ၏။"*ဟူ၍ ဘုရားသခင်၏နှုတ်ကပတ်တော်က အတိအလင်း ဖော်ပြထားသည်။ အားလုံး "ရလိမ့်မည်"ဟူ၍ မဟုတ်ပါ။ဤအရာသည် ကျွန်ုပ်တို့ တွေးထင်ထားသည့်အရာ မဟုတ်ပါ။ ဘုရားသခင်ပြောသောအရာ ဖြစ်၏။ *"ယုံကြည်သောသူအပေါင်းတို့သည် ထာဝရအသက်ကို ရကြ၏။"*

ယုံကြည်လာသော အပြစ်သားတစ်ယောက်သည် အပြစ်လွှတ်ခြင်း၊ ဒုတိယမွေးဖွားခြင်းနှင့်

ထာဝရအသက်ကို ပိုင်ဆိုင်ခြင်းများကို ထာဝရကာလအဘို့ ရရှိသည်မှာ ဘုရားသခင်၏ ဘုန်းတော်ချီးမွမ်းခြင်းအကြောင်း ဖြစ်ပေသည်။

***ဘုရားသခင် စိတ်တော်၏*** အနီးအပါးတွင် စိတ်ငြိမ်သော အနားယူရာအရပ်ရှိ၏။" ဤအရာသည် အပြစ်လွှတ်ခြင်းခံရသောသူ၏ မြတ်စွာသောနားခိုရာနှင့် ထာဝရအသက်ကို ရရှိသောသူ၏ ပစ္စုပ္ပန်ဝမ်းမြောက်ပျော်ရွှင်ခြင်းဖြစ်သည်။

*

## ၂။ သတိပြုရန် - အသက်စာစောင်

သင်၏ နာမည်သည် ကောင်းကင်၌ စာရင်းဝင်ပါသလား။

အပြစ်သားတစ်ယောက်သည် ဒုတိယမွေးခြင်းခံ၍ ထာဝရအသက်ကို ရရှိသောအခါ သူ၏ နာမည်သည် **အသက်စာစောင်**၌ ရေးမှတ်ခြင်းခံရ၏။ ခရစ်တော်သည် လောကသို့ ကြွလာ၍ ကျွန်ုပ်တို့အတွက် အသေခံရသည့်အကြောင်းမှာ ကျွန်ုပ်တို့သည် ထာဝရကာလတိုင်တည်တံ့မြဲမြံသော အသက်ကို ရရှိရန်ဖြစ်သည်။ ထိုအရာကို ပိုင်ဆိုင်သည်ဖြစ်၍ ကျွန်ုပ်တို့သည် ယခုမှစ၍ ထာဝရအသက်ကို ရရှိကြပြီးဖြစ်သည်။

ဧဝံဂေလိတရားဟောပြောရာမှ ပြန်လာသောအခါ ယေရှုခရစ်၏တပည့်တော်များက ***"သခင်ကိုယ်တော်၏ နာမအားဖြင့် ကျွန်ုပ်တို့သည် နတ်ဆိုးကိုပင်နိုင်ပါသည်ဟု ပြောဆိုကြ၏။*** ထိုအခါ ယေရှုက ***" သို့သော်လည်းနတ်ဆိုးကို နိုင်ရသောကြောင့် သာဝမ်းမြောက်ခြင်းမရှိကြနှင့်။ သင်တို့၏ နာမည်များသည် ကောင်းကင်စာရင်း၌ ဝင်သည်ကို ဝမ်းမြောက်ခြင်းရှိကြလော့"ဟု မိန့်တော်မူ၏။ လု၁၀း၂၀။*** ကြီးစွာသောအမှုတို့ကို ပြုရခြင်း ထက် သူတို့၏ နာမည်များ **အသက်စာစောင်**၌ စာရင်းဝင် သည်မှာ ပို၍အရေးကြီးသည်ဟု ကယ်တင်ရှင်ကသိမြင်ခဲ့သည်။

ပေါလုသည် ဖိလိပ္ပိမြို့သားများဆီသို့စာရေးသောအခါ သူတို့၏နာမည်များသည် ***အသက်စာစောင်***၌ ပါဝင်သည့်အကြောင်းကို ဖော်ပြ၍ ဧဝံဂေလိ၌ ပါဝင်စောင်မသော အသရေရှိသည့် ယုံကြည်သူများအား နုတ်ခွန်းဆက်သခဲ့သည်။ ***ဖိ ၄း၃။*** ဟေဗြဲဝါဒစာရေးသားသူက ***ကောင်းကင်စာရင်း၌ဝင်သောသားဦးတို့၏အသင်းတော်***ဟူ၍ ဖော်ပြခဲ့သည်၊ ***ဟေဗြဲ ၁၂း၂၃။*** ဓမ္မသစ်ကျမ်း၏ ၅ နေရာတွင် ခရစ်တော်ကို သားဦးဟူ၍ ပြောဆိုထား၏။ သူသည် လူမျိုးအနွယ်သစ် ဖြစ်ပွားစေခဲ့သည်ဖြစ်၍ ကျွန်ုပ်တို့သည် ဘုရားသခင်၌ မွေးဖွားခြင်းခံရလျှင် သားဦး၏ အသင်းတော်ထဲသို့ ဝင်ရောက်ရကြပြီး ကျွန်ုပ်တို့နာမည်များသည်လည်း ကောင်းကင် မှတ်တမ်းစာအုပ်၌ ထည့်သွင်းခြင်းခံရ၏။ အနိစ္စဘဝကို အောင်မြင်ကြသည်ဖြစ်၍ ကျွန်ုပ်တို့၏နာမည်များသည် ***အသက်စာစောင်***မှ ဖယ်ရှားချေပစ်ခြင်းခံရတော့မည်မဟုတ်ကြောင်း၊ စိတ်ချမှုကို ရရှိကြ၏၊ ***ဗျာ ၃း၅။*** ကျွန်ုပ်တို့၏ ထာဝရကံကြမ္မာသည် ကျွန်ုပ်တို့၏နာမည်များ ကောင်းကင်မှတ်တမ်း၌ ဝင်ခြင်းရှိ၊ မရှိအပေါ်၌ မူတည်လျက်ရှိသည်။

ဤအကြောင်းအရာများကို သေချာစွာ ဆန်းစစ်ပါ. . .

သမ္မာကျမ်းစာ၏ နောက်ဆုံးကျမ်းအဆုံးပိုင်းတွင် ငရဲသည် ***အသက်စာစောင်***၌ စာရင်းမဝင်

သောသူများအတွက်ဖြစ်ကြောင်း၊ ကျွန်ုပ်တို့ဖတ်ရှုရသည်။ *"အသက်စာစောင်တည်းဟူသော အခြားတစ်ပါးသောစာစောင်ကိုလည်း ဖွင့်လေ၏။ --- အသက်စာစောင်၌စာရင်းမဝင်သောသူရှိသမျှတို့ကိုလည်း မီးအိုင်ထဲသို့ချပစ်လေ၏။"* ဗျာ ၂၀း၁၂-၁၅

နောက်ထပ်လာသောအခန်းကြီးတွင် ထိုစာရေးသူကပင် ကောင်းကင်မြို့တော်ကို ဖော်ပြ၍ ဤသို့လေးနက်သောစကားလုံးများဖြင့် အဆုံးသတ်ခဲ့သည်။*"ညစ်ညူးသောအရာ၊ စက်ဆုပ်ဘွယ်သောအရာ၊ သစ္စာပျက်သောအရာ တစ်စုံတစ်ခုမျှမဝင်ရဘဲ၊ သိုးသငယ်၏ အသက်စာစောင်၌ စာရင်းဝင်သောသူတို့သာလျှင် ဝင်ရ၏၊"* ဗျာ ၂၁း၂၇။

***အသက်စာစောင်***ကို စီရင်သောသူသည် ဘုရားသခင်၏ သိုးသငယ်ဖြစ်၏။ ထိုသို့စီရင်သောသူကို သင်သိပါသလား။ ဘုရားသခင်၏သားတော်ကို သိရှိခြင်းသည် ***အသက်စာစောင်***၌ ထည့်သွင်းခြင်း(သို့)ပယ်ရှားခြင်းအမှုကို ဆုံးဖြတ်သောအချက်ဖြစ်သည်။

သင်သည် ဒုတိယမွေးခြင်းခံခဲ့ပြီးပြီလား။ ဒုတိယမွေးခြင်း ခံရသောသူတိုင်း ***ဘုရားသခင်၏ အသက်စာစောင်***၌ စာရင်းဝင်ကြ၏။

ကျွန်ုပ်တို့သည် ကောင်းကင်သားအဖြစ် အသိအမှတ်ပြုသော လက်မှတ်ကို ကိုယ်စီကိုယ်ငှ ပိုင်ဆိုင်သည့်အကြောင်း၊ ကိုယ့်ကိုကိုယ်ဆန်းစစ်ရာ၌ သေချာစေရမည်ဖြစ်သည်။

## ၃။ သတိပြုပါ - မည်းနက်သောအမှောင်ထု

***အသက်စာစောင်၌*** စာရင်းမဝင်သောသူရှိ သမျှတို့သည် ပျက်စီးခြင်းသို့ရောက်ကြလိမ့်မည်။

ဤပျက်စီးခြင်း၏အဓိပ္ပါယ်မှာ သေဆုံးခြင်း မဟုတ်ဘဲ၊ ထာဝရကာလ"***နာကျင်ခြင်းဝေဒနာ ခံရခြင်း***"ကို ဆိုလိုသည်။

မည်းမှောင်နေသောစားသောက်ဆိုင်သို့ ဝင်သောအခါ ဟင်းလျာစာရင်းကို သင်ကြိုးစားဖတ် ယူရ၏။ မီးခလုပ်ဖွင့်ရန် တောင်းဆိုသောအခါ စားပွဲ ထိုးက"ခဏနေရင် အမှောင်ထဲမှာ ကျင့်သားရသွား မှာပါ"ဟူ၍ ဖြေဆိုလေ့ရှိ၏။

သင်၏အပြစ်များ ဖြေလွှတ်ခြင်းမခံရဘဲ သေဆုံးခဲ့လျှင် ထိုအပြစ်များသည် သင့်အား ဘုရား သခင်ထံမှ ဧကန်အမှန် ပယ်ရှားနှင်ထုတ်လိမ့်မည်။ ထိုနောက်တွင် မှောင်မိုက်သည် သင့်ကိုထာဝရ ကာလပတ်လုံး လွှမ်းခြုံရစ်ပတ်သွားပေမည်။

သို့ရာတွင် သင်သည် ထိုအမှောင်ထု၌ ကျင့် သားရနိုင်တော့မည်မဟုတ်ပါ။ **"ယုံကြည်သော သူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်ရ. . ." ယော ၃း၁၆**။ ကျယ်သောလမ်း၌ရှိသော လူများစွာ တို့အတွက်မူကား လမ်းဆုံးသည် ထာဝရ ပြစ်ဒဏ် ခံရခြင်းဖြစ်သည်။ ထိုပြစ်ဒဏ်သည် မာရ်နတ်နှင့် သူ၏ ကောင်းကင်တမန်များအဘို့ ပြင်ဆင်ထား သောမီးအိုင်ပင်ဖြစ်သတည်း။ ***အသက်စာစောင်၌***

စာရင်းမဝင်သော အပြစ်သားများတည်းဟူသော မယုံကြည် သူအပေါင်းတို့သည် ထိုတရားစီရင်ခြင်း၏ ချည်နှောင်ခြင်းကိုခံရကြ၏။ ထိုစာစောင်၌ စာရင်း မဝင်သောသူ ရှိသမျှတို့သည် ပျက်စီးခြင်းသို့ ရောက် ကြလိမ့်မည်၊ *၂ပေ ၃း၇။*

ခပ်သိမ်းသောအရာတို့သည် မီးအားဖြင့် လောင်ကျွမ်းပျက်စီးခြင်းခံရလိမ့်မည်။ *၂ပေ ၃း၁၀* သို့ရာတွင် သူ၏ နှုတ်ကပတ်တော်၊ သူ၏သားတော် နှင့် သူ၏ စိတ်နှလုံးကို ယုံကြည်သောသူအပေါင်းတို့ သည် ပျက်စီးခြင်းသို့မရောက်ဘဲ ထာဝရအသက်ကို ရသောသူဖြစ်သည်ဟု ဘုရားသခင်က ကတိပေး ထားလျက်ရှိသည်။

*ယော ၃း၁၆*

သေလွန်သောသူများအတွက် ဖြောင့်မတ် စွာ တရားစီရင်ရာ ပလ္လင်ဖြူကြီးလည်းရှိသည်။ သေ လွန်ပြီးသော လူကြီးလူငယ်အပေါင်းတို့သည် ဘုရား သခင်ရှေ့မှောက်၌ ရပ်ရလိမ့်မည်။ ***"ထိုအခါ မရဏာ နှင့်မရဏာနိုင်ငံကို မီးအိုင်ထဲသို့ ချပစ်လေ၏။ ထိုသေခြင်းကား ဒုတိယသေခြင်းဖြစ်သတည်း။ အသက်စာစောင်၌ စာရင်းမဝင်သောသူရှိသမျှတို့ ကိုလည်း မီးအိုင်ထဲသို့ချပစ်လေ၏။*** *ဗျာ ၂၀း၁၄-၁၅*

* * * * *

## ကျွန်ုပ်တို့အဘခမည်းတော်၏စိတ်တော်

*စိတ်နှလုံးသည် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာတော်ထံပါးနှင့် ခမည်းတော်ကို အဘဟုခေါ်ရသောအခွင့်ရှိစေခြင်းငှါ၊ အရဲစွန့်၍ အထံတော်ပါးသို့ ချဉ်းကပ်ချိန်တွင် မွန်မြတ်လှပသော အရိပ်အာဝါသ နောက်ကွယ်၌ရှိသော မေတ္တာကို တွေ့ရှိရ ပေမည်။ ထို့ကြောင့် ကျွန်ုပ်တို့သည်မည်သည့် ဆိုးသောအမှုကိုမျှ ကြောက်စရာမရှိတော့ပါ။ နိုင်ငံတော်၏ သားသမီးဖြစ်ရသောသူတို့အတွက် အဘခမည်းတော်၏ ချစ်ခြင်းမေတ္တာ ကလွဲ၍ထက်အောက် အရပ်ရှိသမျှတို့၌ အဘယ်အရာမျှ မရှိတော့ပါ။*

အကယ်၍ ဘဝ၌တွေ့ကြုံထိတွေ့ရသော အခြေအနေအကြောင်းအရာအားလုံးသည် သစ္စာနှင့်ပြည့်စုံ၍ ကောင်းမြတ်သော ဖန်ဆင်းရှင်၊ ရွေးနုတ်ရှင်နှင့် ဆက်နွယ်မှုမရှိလျှင် ကျွန်ုပ်တို့သည် ပျောက်ဆုံးလျက်ရှိသော မယုံကြည်သူများသာဖြစ်သောကြောင့် ကျွန်ုပ်တို့မြေကြီးအသက်တာ၏နေ့ရက်တို့သည် မကျေနပ်ခြင်း၊ မတင်းတိမ်မရောင့်ရဲခြင်းနှင့် ဆင်းရဲခြင်းဒုက္ခများဖြင့်သာ ပြည့်ကြပ်နေပေမည်။

သို့ရာတွင် ကျွန်ုပ်တို့၏ ခြေလှမ်းများ ကရုဏာကျေးဇူးနှင့်ကောင်းကြီးမင်္ဂလာများအားလုံး သည်

ကောင်းကင်ဘုံ၌ ရှိသော ချစ်ခြင်းမေတ္တာ အစား ကျွန်ုပ်တို့အဘဘုရားသခင်နှင့်ဆက်နွယ်ခြင်းရှိ လျှင် သူ၏အထံတော်ပါးမှ သက်ရောက်လာသော အရာ ရှိသမျှတို့ကို ကျေးဇူးတော် ချီးမွမ်းလျက် ငြိမ်ဝပ်စွာ ကျွန်ုပ်တို့လက်ခံရရှိနိုင်မည်ဖြစ်သည်။ ဘုရားသခင် ချစ်ခြင်းမေတ္တာ၏ သက်သေသည် ဆင်းရဲခြင်း ဒုက္ခ တိမ်တိုက်ကြား၌ ကွယ်ပျောက်လုလုဟု ယုံကြည်သူ များထင်မှတ်တတ်ကြသည်။ သို့သော် ကွယ်ပျောက် ဟန်ရှိသောသူ့မေတ္တာ၏သက်သေကို ကျွန်ုပ်တို့ လက်လွှတ် ဆုံးရှုံးရသော်လည်း အစဉ်အမြဲတည်တံ့ သောသူ၏ချစ်ခြင်းမေတ္တာကိုမူကျွန်ုပ်တို့မဆုံးရှုံးနိုင်ပါ။

မိတ်ဆွေ၊ ဤစာအုပ်သည် သင့်လက်ထဲ၌ ရှိပါလျှက်နှင့် ဘုရားသခင်၏ ကယ်တင်ခြင်းကို သင် မရရှိခဲ့လျှင် ဤသတင်းစကားသည် သင့်အတို့ ဖြစ်၏။

ဘုရားသခင်၏ မိတ်ဆွေ၊ ကယ်တင်ရွေး နှုတ်ရှင် ဘုရားသခင်နှင့် ထာဝရအဘ ဖြစ်ခြင်းငှါ သူ၏ စိတ်နှလုံးကို သင့်အပေါ်၌ တည်စေခဲ့ပြီဖြစ် သည်။ သင်သည် သူ့ကိုငြင်းပယ်မည်လား။ သင် သည် ယေရှုခရစ်အားဖြင့် ဘုရားသခင်၏ စိတ် နှလုံးအပါးသို့ မချဉ်းကပ်ဘဲနေမည်လား။ သင်သည် မယုံကြည်ဘဲလျှက် ထာဝရသေခြင်းသို့ ရောက်သော လမ်းကျယ်ထဲ၌ အဘယ်ကြောင့်အထီးကျန်စွာ ဆက် လျှောက်နေပါသနည်း။

ဣသရေလနှင့်ခရစ်တော်၏ကိုယ်တည်း ဟူသော အသင်းတော်တို့နည်းတူ သင်သည်လည်း "သူ၏မျက်ဆန်"ကဲ့သို့ ဘုရားသခင်အဘို့ ထူးမြတ်သော ပုဂ္ဂိုလ်ပင်ဖြစ်သည်။ သင်သည် ဘုရားသခင်၏ စိတ်နှလုံးထဲ၌ အမှန်ပင်မြင့်မြတ်သောသူဖြစ်သဖြင့် ဘုရားသခင်၌ အားရကျေနပ်လျက် ဝမ်းမြောက်ခြင်းရှိပါ။

တုနှိုင်း၍မရသော ဘုရားသခင်၏ ချစ်ခြင်းမေတ္တာနှင့် နှိုင်းယှဉ်နိုင်သောအရာ တစ်ခုမျှ မရှိပါ။ ဤအရာသည် သင့်ဘဝတခုလုံးတွင် **"သင်တို့ လက်လွှတ်ခံလိမ့်မည်မဟုတ်"**သော ဘုရားသခင်၏အံ့ဖွယ်ကျေးဇူးမေတ္တာပင်ဖြစ်သည်။

**ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကိုရစေခြင်းငှါ၊ ဘုရားသခင်သည် မိမိ၌တစ်ပါးတည်းသောသားတော်ကို စွန့်တော်မူသည့်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏။**

ယော ၃း၁၆

* * * * *

## စိတ်နှလုံးနှင့်လက်၏ဆက်နွယ်မှုမိဿဟာယ

*"ငါ့စိတ်နှလုံးသည် သင့်စိတ်နှလုံးနှင့်သင့် ၍သဘောဖြောင့်သကဲ့သို့ သင့်စိတ်နှလုံးသည် သဘောဖြောင့်သလော. . ." ၄ရာ ၁၀း၁၅*

*". . . ထိုသို့မှန်လျှင် သင့်လက်ကို ပေးပါ ဆိုသည့်အတိုင်း လက်ကို ပေး၍ . . ." ၄ရာ ၁၀း၁၅*

ထိုသို့ ဖြောင့်လျှင် **သင့်လက်**ကိုပေးပါဟု ပြောဆိုသည်ကို သတိပြုပါ။

ရိုးဖြောင့်သည့် စိတ်နှလုံးနှင့်ဆန့်ထုတ်သော လက်တို့၏ စစ်မှန်သော ဆက်နွယ်မှုသည် အတူတကွ မြဲမြံစွာ ချိတ်ဆက်လျက်ရှိသည်။

ကျွန်ုပ်တို့ စိတ်ဝိညာဉ်စံရာ ကျွန်ုပ်တို့စိတ်နှလုံးသည်ကျွန်ုပ်တို့ခန္ဓာကိုယ်တစ်ခုလုံး၏ အရေးကြီးဆုံးသောအပိုင်းဖြစ်သည်။ စိတ်နှလုံးထဲ၌ရှိသောအရာကို လူသားများ မြင်တွေ့၍မရပါ။ ဘုရားသခင်တစ်ပါးတည်းသာ သိမြင်တော်မူ၏။ ကျွန်ုပ်တို့စိတ်နှလုံးဖြောင့်မတ်ခြင်းရှိပါကကျွန်ုပ်တို့အသက်တာတစ်ခုလုံးသည်လည်း ဘုရားသခင်ရှေ့၊ ညီအစ်ကိုအပေါင်းအသင်းများရှေ့၌မှန်ကန်သင့်မြတ်ခြင်းရှိလိမ့်မည်။ လက်ချင်းတွဲယှက်သော မိဿဟာယသည် ဝမ်းမြောက်ရွှင်လန်းသော ဖြူစင်ခြင်းနှင့် နှစ်မြို့ဘွယ်စစ်မှန်သော စိတ်နှလုံးတို့ဖြင့် တညီတညွတ်တည်းကောင်းကျိုးကို ပြုစုလိမ့်မည်။ **ဆာ ၁၃၃**

ဘုရားသခင်က "*ငါ့စိတ်နှလုံးသည် သင့်အပေါ်၌ သဘောဖြောင့်လျက်ရှိ၏*" ဟူ၍ သန့်ရှင်းသူနှင့်အပြစ်သားတို့အား ပြောဆိုလျက်ရှိ၏။ ဘုရားသခင်၏ စိတ်နှလုံးသည် ကရုဏာမေတ္တာနှင့် ပြည့်ဝလျက်ရှိသည်။ သူ၏စိတ်အကြံအစည်တို့သည် ကျွန်ုပ်တို့အတို့ ဆိုးညစ်မှုမရှိဘဲ ငြိမ်သက်ခြင်းသက်သက်ဖြစ်၏။ ထိုသို့ဖြစ်၍ ယနေ့ကာလအတို့ဖြစ်သောတရားစကားမှာ "ယေရှုခရစ်အားဖြင့် ငြိမ်သက်ခြင်းအကြောင်းကို ဟောပြော၍ ဘုရားသခင်နှင့် ရန်ငြိမ်းခြင်းရှိကြလော့" ဟူ၍ဖြစ်သည်။

ဘုရားသခင်သည် ကျွန်ုပ်တို့အပေါ်၌ အမျက်ဒေါသထွက်တော်မူသည်မဟုတ်ပါ။ အမျက်ထွက်တော်မူသည် မှန်လျှင် ရှေးယခင်ကတည်းကပင် ကျွန်ုပ်တို့ကို လောင်ကျွမ်းသွားစေလိမ့်မည်။ ထိုသို့မဟုတ်ဘဲ ဘုရားသခင်သည် သူ၏ကရုဏာနှင့် ချစ်ခြင်းမေတ္တာအားဖြင့် ထိုသို့သော ကျေးဇူးတော်ကို ကြာမြင့်စွာပြသည်။ ကျွန်ုပ်တို့ကို ယခုတိုင်အောင် သည်းခံတော်မူ၏။ သူ၏ကရုဏာတော်ကြောင့် ၊ ကျွန်ုပ်တို့သည် မခံရဘဲနေကြ၏။

မျက်မှောက်ကာလသည် ဘုရားသခင်၏ ကျေးဇူးတော် ခံစားရသောကာလဖြစ်ကြောင်း ဓမ္မသစ်ကျမ်းစာလာ ဘုရားသခင်၏ နှုတ်ကပတ်တော်အားဖြင့် ကျွန်ုပ်တို့ခွန်အားရရှိကြ၏။ ထို့ကြောင့် ဤ ကျမ်းပိုဒ်အားဖြင့် ကျွန်ုပ်တို့သည် ရဲရင့်ခြင်း

ခွန်အားရရှိကြပေသည်။ **"ဘုရားသခင်၌ ချဉ်းကပ်ကြလော့။"** သို့ပြုလျှင် သင်တို့၌ ချဉ်းကပ်တော်မူလိမ့်မည်။ အပြစ်ရှိသောသူတို့ သင်တို့လက်ကို စင်ကြယ်စေကြလော့။ စိတ်နှစ်ခွရှိသောသူတို့၊ သင်တို့**စိတ်နှလုံးကို** သန့်ရှင်းစေကြလော့။" *ယာကုပ် ၄း၈*

***နှလုံးသည်အသက်၏ အခြေအမြစ်ဖြစ်သောကြောင့်သင်၏နှလုံးကိုအထူးသဖြင့်စောင့်ရှောက်လော့။ သု ၄း၂၃***

စိတ်နှလုံးထဲ၌ အမျက်ဒေါသ၊ ခါးသီးခြင်း၊ မနာလိုခြင်း၊ ရန်လိုခြင်း၊ ကွဲပြားခြင်း၊ အပြစ်ရှာတတ်ခြင်း၊ မနှစ်မြို့ဘွယ်သောအရာရှိသမျှနှင့် ကင်းဝေးစေရန် စိတ်နှလုံးသည် အထွေထွေအပြားပြားသောလောဘရမက်၏ လှည့်ဖြားခြင်းမခံရမည့်အကြောင်း စိတ်အာရုံတစ်ခုတည်းထားရှိရန် လိုအပ်ပေသည်။ ကျွန်ုပ်တို့သည် မိမိရွေးချယ်မှုအားဖြင့်လွယ်လင့်တကူ အာရုံလွင့်ပါး၍ သွေဖီတတ်ကြသည်။ ဘုရားသခင်ရှေ့ တစ်ခုတည်းသော၊ ရိုးစင်းသော၊ စင်ကြယ်သော အရာတို့ကိုသာ ရွေးချယ်ပါက ကျွန်ုပ်တို့သက်သာရာ ရလိမ့်မည်။

> ***"စိတ်နှလုံးဖြူစင်သောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကားထို သူတို့သည် ဘုရားသခင်ကို မြင်ရကြလတံ့။"*** *မ ၅း၈*
>
> ***" စိတ်ထဲမှာ သမ္မာတရားကို နားထောင်လျက် ကိုယ်စိတ်နှလုံးကို စင်ကြယ်စေပြီး***

သည်နှင့်အညီ စင်ကြယ်သောစိတ်နှင့်
အချင်းချင်းအား ကြီးသောချစ်ခြင်း မေတ္တာ
ရှိကြလော့” ၁ပေ ၁း၂၃
“ငါတို့သည် . . . စိတ်နှလုံးကို သံဝေဂတရား
နှင့် လွတ်အောင်ဖြန်းခြင်း အထံတော်သို့
တိုးဝင်ချဉ်း ကပ်ကြကုန်အံ့။ ဟေဗြဲ ၁၀း၂၂

*

## ဘုရားသခင်၏ စိတ်တော်နှင့်ချစ်ခြင်းမေတ္တာ

ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို ယုံကြည်စိတ်ချသောသူတို့သည် မကုန်ခန်းနိုင်သောဘဏ္ဍာကို တွေ့ရှိပိုင်ဆိုင်သောသူများ ဖြစ်ကြသည်။ ထိုဘဏ္ဍာသည် အခြားသော ဥစ္စာဓနများ၏ အသုံးဝင်မှုတန်ဘိုးကို မေ့မှိန်စေသည်။ ***ဘုရားသခင်၏ စိတ်ချခြင်းမေတ္တာနှင့်စိတ်နှလုံး***ကို ယုံကြည်သောသူတို့ရရှိသောအကျိုးဆက်မှာ ခရစ်ယာန်တစ်ယောက်သည် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာ၊ ကျေးဇူးတော်နှင့် ဘုန်းတော်တို့၏ အံ့ဘွယ်ဖြစ်ခြင်းနှင့် ဝမ်းမြောက်ပျော်ရွှင်ခြင်းတည်းဟူသော အဆုံးမဲ့သမုဒ္ဒရာ ရေပြင်ကျယ်ကို ဖြတ်သန်း၍ သူ၏ မြဲမြံသောအိမ်သို့ ခရီးသွားနေသည့် ဘုရားဖူးဧည့်သည်ဖြစ်သည်။

J.N Darby ကဤသို့ပြောဆိုလေ၏။

ဘုရားသခင်၏ချစ်ခြင်းမေတ္တာသည် တိုင်းတာ၍မရနိုင်လောက်အောင် အလွန်တရာနက်နဲလှသောကြောင့် ကျွန်ုပ်တို့ နားမလည်နိုင်ကြပါ။သို့သော် တိုတောင်းလှသော ဘဝအသက်တာ၏ ကမ်းစပ်သို့ ရိုက်ခတ်လာသောထိုအရာ၏လှိုင်းဂယက်ကလေးများသည်ပင် ထိုမျှလောက်ချိုမြိန်သော အရသာရှိလျှင် ထိုအရာ၏ လှိုင်းထန်လှသော သမုဒ္ဒရာကြီးတည်းဟူသော **ဘုရားသခင် ရွေးနှုတ်ခြင်းမေတ္တာ**၏ အနာဂတ်ဝမ်းမြောက် ပျော်ရွှင်ခြင်းသည်ကား အဘယ်သို့ဆိုဘွယ်ရှိလိမ့်မည်နည်း။ ကောင်းကင် မြေကြီးနှင့်နိစ္စ

ထာဝရတို့၏ နက်နဲ၍ နားလည်ရန် ခက်ခဲလှသည့် ထိုအရာ၏ ကြီးမားလှသောဒီရေလှိုင်း လုံးများဖြင့် ပြည့်နှက်လျက်ရှိပေမည်။

ကျွန်ုပ်တို့သည် ဘုရားသခင်ချစ်ခြင်း မေတ္တာ၏ ချိုမြိန်သောထိတွေ့မှုကို အတိုင်းအတာ တစ်ခုအထိ ကိုယ်စီမြည်းစမ်းခဲ့ကြပြီဖြစ်သည်။ သို့ ရာတွင် ထာဝရကာလပတ်လုံး ကျွန်ုပ်တို့ရရှိခံစား မည့်သုခချမ်းသာ၏ အလျား၊ အနံ၊ အနက်နှင့်အမြင့် တို့ကို တွေးတောကြည့်ပါ။

မွေးဖွားလာခဲ့ပါလျက်နှင့် **ဘုရားသခင်၏ စိတ်တော်**ကို သိရှိခံစားရခြင်း မရှိလျှင် အရာခပ်သိမ်း ကို ဆုံးရှုံးရသကဲ့သို့ ရှိ၏။

**ဘုရားသခင်၏ စိတ်တော်**နှင့် ချစ်ခြင်း မေတ္တာကို မသိရှိလျှင် -

ကျွန်ုပ်သည် ဘာမျှမဟုတ်။

ဘာမျှမတတ်နိုင်။ ဘာမျှမသိပါ။

*"ငါသည် လူဘာသာစကားကိုဎင်း၊ ကောင်း ကင်တမန်ဘာသာစကားကိုဎင်း၊ ပြောနိုင်သော် လည်း မေတ္တာမရှိလျှင် အသံမြည်သောတံပိုးခရာကဲ့ သို့ဎင်း တီးသံကိုသာ ပေးတတ်သောလင်းကွင်းကဲ့သို့ ဎင်းဖြစ်၏။ ပရောဖက်ဉာဏ်ကို ငါရ၍ နက်နဲသော အရာရှိသမျှတို့နှင့် သိပ္ပံအတတ်အမျိုးမျိုးကိုတတ် တော်ဎင်း၊ တောင်များကို ရွှေ့နိုင်သော ယုံကြည်ခြင်း အမျိုးမျိုးနှင့် ပြည့်စုံသော်ဎင်း၊ မေတ္တာမရှိလျှင်*

*အချည်းနှီးသက်သက်ဖြစ်၏။ သူတစ်ပါးကို ငါကျွေးမွေး၍ ဥစ္စာရှိသမျှကို စွန့်ကြသည်သာမက ကိုယ်ခန္ဓာကို မီးရှို့စေခြင်းငှါ အပ်သော်လည်း မေတ္တာမရှိလျှင် ငါ၌ အကျိုးမရှိ။*

*၁ကော ၁၃း၁-၃*

"လူတို့သည် သမ္မာကျမ်းစာပညာကို သင်ယူရန် ကောလိပ်သို့ သွားကြပေမည်။ သို့သော် သူတို့သည် "**ဘုရားသခင်ဆုံးမသွန်သင်တော်မူသောသူ**" ဖြစ်ရန်လိုအပ်၏။

*၁သက် ၄း၉*

* * * * *

# ကိုယ်တော်၏ နည်းဥပဒေသကို သွန်သင်တော်မူပါ။

O.Rowan ၏ ကဗျာ၌ ဤသို့ရှိသည်။ "သူ့ကိုမြင်ခဲ့ပြီလား။ ကြားခဲ့ပြီလား၊ သိခဲ့ပြီလား" **သင်၏စိတ်နှလုံးသည် လွှမ်းခြုံမှု ခံစားရပြီလား. . .**

သင်သည် ဤစာမျက်နှာတစ်လျှောက်တွင် ကျွန်ုပ်တို့နှင့်အတူ အမှန်ရှိလျက် **ဘုရားသခင်၏စိတ်နှလုံးကို** ဗဟိုပြုခဲ့လျှင် သင်၏စိတ်နှလုံးသည် ဘုရားသခင်၏မေတ္တာအားဖြင့် လွှမ်းခြုံမှုခံစားရရှိမည်ဟု ကျွန်ုပ်တို့ယုံကြည်ကြသည်၊ သင်သည် **ဘုရားသခင်၏ရင်ခုံသံကို** လက်ဆုပ်လက်ကိုင် ထိတွေ့ခံစားရလိမ့်မည်။

"ဘုရားသခင်၏ ရင်ခုံသံ"အားဖြင့်လျှောက်လှမ်းရန်၊ ပြေးလွှားရန်၊ အစေခံရန်၊ ချစ်မြတ်နိုးရန်၊ ကျွန်ုပ်တို့ကို ခွန်အားပေးသော သီချင်းတစ်ပုဒ်ရှိသည်။ ထိုသီချင်းမှာ "ကိုယ်တော်၏ စိတ်နှလုံးထဲမှ ရှိသော သနားခြင်းကရုဏာတော်နှင့် အကျွန်ုပ်ချစ်တတ်လာမည့်အကြောင်း သွန်သင်တော်မူပါ။ " ဟူ၍ဖြစ်၏။

ချစ်သောမိတ်ဆွေခင်ဗျား၊ ယခုကျွန်ုပ်တို့သည် **ဘုရားသခင်၏စိတ်နှလုံးကို** အမှန်တကယ်ဗဟိုပြုကြပါက အရာခပ်သိမ်းတို့သည် အဆင်ပြေသွားကြပါလိမ့်မည်။ အကယ်၍ **ယော ၁း၁၆** ၌ ရှိ

သောဘုရားသခင်၏ ရင်ခုံသံမျိုးကို ကျွန်ုပ်တို့ ခံစားရရှိကြလျှင် ကျွန်ုပ်တို့သည် ဘုရားသခင်၏သား သမီးများဖြစ်လာကြသဖြင့် အသက်ရှင်တတ်ရန်၊ ချစ်တတ်ရန်နှင့် ပြည့်စုံမှုမရှိသော လောကမှ ဘုရားသခင်ရင်ခုံသံ၏ အကြီးစားအံ့ဘွယ်သော သနားခြင်းကရုဏာတော်သို့ တက်လှမ်းတတ်ရန် သင်ယူသောသူများဖြစ်လာကြသည်။ **မေတ္တာဖြင့် ထာဝရကာလပတ်လုံး မိဿဟာယပြုရာအရပ် ဘုရားသခင်၏ ရင်ခွင်တော်၌ ကျွန်ုပ်တို့ လွန်စွာပျော်မွေ့ခြင်း ရှိကြပါလိမ့်မည်။**

*

## သူ၏စိတ်နှလုံးထဲ၌ မွေ့လျော်ခြင်း

---

*"ကိုယ်တော်သည် သက်သာစေတော်မူသဖြင့်၊ အကျွန်ုပ်၏ ဝိညာဉ်သည် ရွှင်လန်းပါ၏"*

*ဆာလံ ၉၄း၁၉*

သင်သည် ဘုရားသခင်ဖြစ်ပါလျက်နှင့် ကျွန်ုပ်ကိုနှစ်သက်နိုင်တော်မူသည်မှာ ကျွန်ုပ်ဆင်ခြင်ဉာဏ်အားဖြင့် လုံးဝစဉ်းစား၍မရပါ။

သို့သော် ကျွန်ုပ်စိတ်နှလုံးထဲ၌မူ နေရောင်ခြည်ကဲ့သို့ *ထိန်လင်းလျက်ရှိပါ၏။*

*"ငါ့ကို နှစ်သက်သောကြောင့် . . ."*

*ဆာ ၁၈း၁၉*

*ကျွန်ုပ်သည် ကိုယ်တော်၌ ဝမ်းမြောက်ရွှင်လန်း၍ စိတ်နှလုံးအကြွင်းမဲ့ ချစ်ရမည့်အကြောင်း၊ကိုယ်တော်၏ မြတ်သောဝိညာဉ်တော်သည်မစသဖြင့် ကိုယ်တော်သည် ဘုရားသခင်ဖြစ်ကြောင်းကို သိမြင်ရပါ၏။*

*"ထာဝရဘုရား၌ မွေ့လျော်ခြင်းရှိလော့။ သို့ပြုလျှင် စိတ်နှလုံးအလိုပြည့်စုံရသောအခွင့်ကို ပေးတော်မူမည်။" ဆာ ၃၇း၄*

*ကျွန်ုပ်တို့ကို ကိုယ်တော်အဘို့ဖြစ်စေပါ၏။*
*ကိုယ်တော်၌ရှိသော နားခိုရာအရပ်အိမ်ကို*
*ရှာမတွေ့ မှီတွင် ကျွန်ုပ်တို့စိတ်နှလုံးထဲ၌*
*ငြိမ်ဝပ်ခြင်းမရှိပါ။*

*ဩဂတ်စတင်း*

အနိစ္စလူသားများ၏ စိတ်ဝိညာဉ်ထဲတွင် စစ်မှန်၍ မြဲမြံသော ကျေနပ်ခြင်းပီတိကို ရှာတွေ့နိုင်မည်မဟုတ်ပါ။ များစွာသောသူတို့က ယာယီ ကျေနပ်မှုကို "သဘာဝဝန်းကျင်"၌သော်၎င်း၊ "ခေတ်သစ်" သွန်သင်မှုများ၌သော်၎င်း၊ ရှာဖွေကြသည်။ သို့ရာတွင်လူသားတို့၏ အဆင်မပြေခြင်း၊ ဝမ်းနည်းကြေကွဲခြင်းနှင့်သေခြင်းစသည့်အားနည်းချို့နဲ့မှုတို့ကြောင့် သဘာဝတရား၌ နှစ်သိမ့်ခြင်း၊ သက်သာရာရခြင်း (သို့) အကြွင်းနာကရုဏာများကို တွေ့ရှိနိုင်မည်မဟုတ်ပါ။

**ကျွန်ုပ်တို့သည် စစ်မှန်သော ခိုလှုံရာအရပ်နှင့် မြဲမြံသော ကျေနပ်နှစ်သိမ့်ခြင်းကို ဘုရားသခင်နှင့် သူ၏မေတ္တာရင်ခွင်တော်၌သာ တွေ့ရှိနိုင်သည်။**

ရှင်ယောဟန် ခရစ်ဝင်ကျမ်း၏ အစတွင် ခရစ်တော်သည် ခမည်းတော်၏ ရင်ခွင်၌ရှိကြောင်း တွေ့ရသည်။ ထိုခရစ်ဝင်ကျမ်း၏ အဆုံးတွင် အပြစ်သားတစ်ယောက်သည် ခရစ်တော်၏ ရင်ခွင်၌ ရှိကြောင်းတွေ့ရသည်။ ဤအရာက ကျွန်ုပ်တို့၏ ခမည်းတော်သည် ကျွန်ုပ်တို့ကို အဘယ်ကဲ့သို့ လက်ခံတော်မူမည်ကို ပြသလျက်ရှိ၏။

ကျွန်ုပ်နှလုံးသား၏ နှောင်ကြိုးသည်
သူ၏ကြီးမြတ်သောစိတ်တော်ကို ရစ်တွယ်
ပတ်ညှိ၍ ဘုရားသခင်သည် သူ၏ဖြူစင်
သော အသက်တာကို ကျွန်ုပ်နှလုံးသားထဲသို့
သွန်းလောင်းတော်မူပါစေ။

ဘုရားသခင်စိတ်နှလုံးထဲ၌ရှိသော စည်းစိမ်ချမ်းသာသည် ကျွန်ုပ်တို့၏အစဉ်အမြဲနေရာ အရပ်အိမ်ဖြစ်ရမည် (သို့) ကျွန်ုပ်တို့သည် ထာဝရအိမ်ရာမဲ့ လေလွင့်နေရမည်။

**ယခုတွင် ဘုရားသခင်၏ အားကြီးသော
ချစ်ခြင်းမေတ္တာသည် သင်၌ဝမ်းမြောက်
ခြင်းစည်းစိမ်ဖြစ်ပါစေ။**

**ခရစ်တော်၌သင်၏**

**John A. Short**

**ဂျွန်အေရှော့**

*

“ထိုသူသည် ဖြောင့်မတ်သောသဘော ရှိသည့်အတိုင်း ကျွေးမွေး၍ လိမ္မာသောလက်နှင့် ပို့ဆောင်လေ၏။”

ဆာ ၇၈း၇၂

## *ဘုရားသခင်၏ စိတ်နှလုံးထံတော်ပါးသို့*

**ဘုရားသခင်၏စိတ်နှလုံး**အပါးတွင်
ဆိတ်ငြိမ်သောနားခိုရာအရပ်ရှိ၏

**ဘုရားသခင်၏စိတ်နှလုံး**အပါးတွင်
အပြစ်၏နှောက်ယှက်ခြင်းခံ
သံသရာမှ ကင်းလွတ်ရာအရပ်ရှိ၏။

**ဘုရားသခင်၏စိတ်နှလုံး**အပါးတွင်
ချိုမြိန်သောသုခချမ်းသာ
တည်ရာအရပ် ရှိ၏။

**ဘုရားသခင်၏စိတ်နှလုံး**အပါးတွင်
ကျွန်ုပ်တို့ ကယ်တင်ရှင်ကို
ဖူးမျှော်ရသောအရပ် ရှိ၏။

အိုယေရှုဘုရား မြတ်သောရွေးနုတ်ရှင်
**ဘုရားသခင်စိတ်နှလုံးတော်**မှ
ဆင်းသက်လာသူ၊ ကိုယ်တော်ကို ကြည့်မျှော်
သော ကျွန်ုပ်တို့အား ဘုရားသခင်၏
စိတ်နှလုံး အပါးဝယ်အမြဲနေရာချတော်မူပါ။

**စီဘီမက်အဖီ (၁၈၆၆-၁၉၄၄)**

**C.B McAfee**

* * * * *

## ဘုရားသခင်ကအလွန်တရာချစ်တော်မူ၏

***ဘုရားသခင်*** ဤလောကကို တည်တော်မူသောသူသည် ပျောက်ဆုံးသောအပြစ်သား၊ အပြစ်ကြွေးဒဏ်ပိသောသူ၊ ညစ်ညူးသောသူ ကျွန်ုပ်တို့ရှိရာအရပ်သို့ ငုံ့ကြည့်တော်မူမည်။ သတင်းစကားများသည် မြင့်မြတ်လှသော ကျေးဇူးတော်ပင် ဖြစ်၏။

ကျွန်ုပ်တို့အပြစ်များသည် ကတ္တီပါနှင့်အမျှနီ၍ ဘုရားသခင်၏ စိတ်နှလုံးကို နာကျင်စေသော်လည်း ဘုရားသခင်သည် ကျွန်ုပ်တို့ကို ***ချစ်တော်မူသေး၏။*** ဘုရားသခင်သည် ကျွန်ုပ်တို့အပေါ်၌ အဘယ်ကြောင့် ကျေးဇူးပြုတော်မူရသည်၊ မေတ္တာပြသရသည်ကို စာအားဖြင့် ဖော်ပြ၍မရနိုင်ပါ။

***လောကကြီး***သည် သူ၏စိတ်ထဲ၌ရှိ၍ အပြစ်သားများသည်လည်း ပါဝင်ကြ၏။ သူ၏ကျေးဇူးတော်သည် အနန္တဖြစ်၍သူ၏ရွေးထွေးသောပွေ့ပိုက်တော်မူခြင်းနှင့် လွတ်သောသူဟူ၍ မရှိပါ။

အရာခပ်သိမ်းသည် သူပိုင်သသော စည်းစိမ်ဖြစ်၍ ***ပေးတော်မူသောအမှု***သည် အံ့ဘွယ်မဟုတ်သော်လည်း ပေးတော်မူသောအရာသည် ကောင်းကင်၌ အမြတ်ဆုံးရတနာဖြစ်သောကြောင့် အခြားသောအရာရှိသမျှနှင့် ခိုင်းနှိုင်း၍ မရနိုင်ပါ။

အပြစ်တရား၏ကျိန်ခြင်းကို ယူဆောင်နိုင်သူမှာ အပြစ်နှင့်ကင်းစင်သောလူသားသာ ဖြစ်ရမည်။

အပြစ်က ပေးအပ်ခဲ့သော ဒဏ်ချက်ကို ကုစားသောသူကား ***တစ်ပါးတည်းသောသားတော်*** ပင်ဖြစ်သတည်း။

ဘုရားသခင်သည် အဘယ်သူထံသို့ ကြွလာတော်မူသနည်း၊

မည်သည့်အတန်းအစား အမျိုးအနွယ်သည် သာ၍ထိုက်တန်သနည်း။

***"လူတိုင်း"*** ဟူသောနာမတော်သည်သာ အပြစ်သားများ ရပိုင်သောအခွင့်အရေး ဖြစ်ပေသည်။

အပြစ်ကို ဖယ်ရှားသောအရာသည် ကျွန်ုပ်တို့၏ လုပ်ဆောင်မှုမဟုတ်ပါ။

လူ၌လုံလောက်သောအစွမ်းသတ္တိ မရှိပါသဖြင့်***ယုံကြည်ခြင်းဖြင့်ချဉ်းကပ်လာသူတိုင်း***သည် သူ၏အပြစ်ရှိသမျှမှ ဖြေလွှတ်ခြင်းခံစားရ၏။

ခရစ်တော်သည် လုံခြုံသောရွေးနုတ်ခြင်းခံအပြစ်ကိုတည်လေ၏။ ***သူတစ်ပါးတည်းထံ၌သာ*** ကယ်တင်ခြင်းကို တွေ့နိုင်ပေသည်။ သူငယ်ကဲ့သို့ ယုံကြည်လျှင် သူ၏နာမအားဖြင့် ဒုတိယမွေးခြင်းကို ခံရကြ၏။ ကယ်တင်ခြင်းခံရာ အခြားသောနာမ တစ်စုံတစ်ခုမျှ မရှိပါ။

ငရဲသို့ကျရောက်ရန် ထိုက်တန်သော ကျွန်ုပ်တို့ကိုယ်စား ဘုရားသခင်၏စီရင်ခြင်းအမှုသည် ခရစ်

**P.A Broadhead**

* * * * *

First Burmese Edition 2002

THE HEART OF GOD
ISBN 962-7265-64-0
Published by
CHRISTIAN BOOK ROOM
A Non-profit ministry Devoted to the Lord's Work.
P.O. BOX 95413 Tsimshatsui, Kowloon,
Hong Kong S.A.R. of CHINA
All rights reserved